HEINRICH BÖLL STIFTUNG
DEMOCRACY

E-PAPER

# ၂၀၂၀ ရွေးကောက်ပွဲများ လမ်းကြောင်းပေါ်ရှိ မြန်မာနိုင်ငံ

ရွေးကောက်ပွဲအကြို အကဲဖြတ်ဆန်းစစ်ချက်

Heinrich Böll Stiftung မှ ၂၀၂၀ ခုနှစ်၊ ဇူလိုင်လတွင် ထုတ်ဝေသည်။

# ၂၀၂၀
# ရွေးကောက်ပွဲများလမ်းကြောင်းပေါ်ရှိ မြန်မာနိုင်ငံ

**မာတိကာ**


အနှစ်ချုပ် ၃

အတိုကောက်စကားလုံးစာရင်းများ ၅

မိတ်ဆက် ၆

၁။ ဥပဒေမူဘောင်အကျဉ်းချုပ်ဖော်ပြချက် ၉

၂။ ရွေးကောက်ပွဲစီမံအုပ်ချုပ်ရေး ၁၁

၂(က) အသင်းအဖွဲ့ဆိုင်ရာဖွဲ့စည်းမှုနှင့် ဖွဲ့စည်းပုံ ၁၁

၂(ခ) မဲဆန္ဒရှင်အမည်စာရင်းမှတ်ပုံတင်ခြင်း ၁၃

၃။ နိုင်ငံရေးအသင်းအဖွဲ့ပါတီများနှင့် ရွေးကောက်ပွဲမဲဆွယ်စည်းရုံးရေး ၁၅

၃(က) နိုင်ငံရေးအသင်းအဖွဲ့ပါတီများ အကြောင်းအရာအခြေအနေ ၁၅

၃(ခ) နိုင်ငံရေးအသင်းအဖွဲ့ပါတီနှင့် ရွေးကောက်ခံကိုယ်စားလှယ်အမည်စာရင်းမှတ်ပုံတင်သွင်းခြင်း ၁၆

၃(ဂ) မဲဆွယ်စည်းရုံးရေး စည်းမျဉ်းစည်းကမ်းများ ၁၇

၃(ဃ) မဲဆွယ်စည်းရုံးမှု ဘဏ္ဍာရေး ၁၉

၄။ ရွေးကောက်ပွဲများနှင့် ပဋိပက္ခများ ၂၀

၄(က) ရွေးကောက်ပွဲများ ဖျက်သိမ်းနိုင်ချေအလားအလာ ၂၂

၄(ခ) ရခိုင်ပြည်နယ်ရှိပဋိပက္ခ ၂၃

၅။ လူမှုသတင်းမီဒီယာနှင့် ရွေးကောက်ပွဲများ ၂၅

၆။ ရွေးကောက်ပွဲလေ့လာစောင့်ကြည့်ခြင်း ၂၇

၇။ ရွေးကောက်ပွဲရက်သို့ ၃၀

အကြံပြုချက်များ ၃၂

ရွေးချယ်ထားသော အရင်းအမြစ်များနှင့် အခြားထပ်မံဖတ်ရှုရန်များ ၃၃

Methodology ၃၅

Imprint ၃၅

# အနှစ်ချုပ်

မြန်မာနိုင်ငံတွင် လာမည့်အထွေထွေရွေးကောက်ပွဲများကို ၂၀၂၀ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်ဟု စီစဉ်ထားသည်။ ယခုနှစ်၏ ပထမနှစ်ဝက်တွင် မြန်မာနိုင်ငံသည် COVID-19 ကမ္ဘာ့ကပ်ရောဂါကို စတင်တုံ့ပြန်ဆောင်ရွက်ခဲ့ပြီးဖြစ်သော်လည်း ယင်းရက်စွဲရောက်ရှိမည့် ကျန်းမာရေးပြဿနာအကြပ်အတည်း၏ ပုံသဏ္ဍာန်အနေအထားတို့ပါ ရှင်းလင်းရေရာမှု မရှိသေးပါ။ ယင်းသို့သောအနေအထားရှိရာ ရန်ကုန်ရှိ Heinrich Boll Foundation ရုံးသည် ရွေးကောက်ပွဲအကြိုအခြေအနေရပ်များအားသိရှိအောင် အဝေးမှအကဲဖြတ်ဆန်းစစ်ရန်နှင့် အချို့အဖွင့်မေးခွန်းများနှင့် ဆက်လက်ဖြစ်ပေါ်နေသော ဖွံ့ဖြိုးတိုးတက်မှုများအပေါ် မီးမောင်းထိုးပြရန် ဆုံးဖြတ်ခဲ့သည်။

COVID-19 ကပ်ရောဂါသည် ကမ္ဘာတစ်ဝှမ်းရှိ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များအပေါ် စိန်ခေါ်မှုအသစ်များကို ဖြစ်ပေါ်စေသည်။ ၂၀၂၀ ခုနှစ် ဇွန်လတွင် ကမ္ဘာနှင့်တစ်လွှား ရွေးကောက်ပွဲဖြစ်စဉ်ပေါင်း ၁၀၀ ကျော်တို့ ဆိုင်းငံ့ခဲ့ရပြီဖြစ်ပြီး အချို့နိုင်ငံများမှာ ကပ်ရောဂါအကြားဆက်လက်ကျင်းပရန်ဆုံးဖြတ်ခဲ့သည်။ မြန်မာနိုင်ငံတွင် COVID-19 ကပ်ရောဂါကူးစက်ပျံ့ပွားမှုသည် ရှိနှင့်ပြီးသောအားနည်းချက်များနှင့် ရွေးကောက်ပွဲဖြစ်စဉ်တွင် ဖြစ်ပေါ်နိုင်သော အန္တရာယ်များကို စုပေါင်းဖြစ်ပေါ် စေသော်လည်း ရွေးကောက်ပွဲများကို ကျင်းပခြင်းမှာ မဖြစ်နိုင်သို့မဟုတ် ဖြစ်နိုင်ချေမရှိသည့်မျိုးပင်မဟုတ်ပါ။ သို့သော်လည်း ရွေးကောက်ပွဲရက်မတိုင်မီလပိုင်းများအလိုတွင် ဗိုင်းရပ်စ်ပိုးပျံ့ပွားမှုကို ရွေးကောက်ပွဲလုပ်ငန်းစဉ်အပေါ်ကြိုတင်မမှန်းဆနိုင်သောနည်းလမ်းများဖြင့် သက်ရောက်နိုင်သော အလားအလာရှိသည့်အန္တရာယ်အဖြစ် ထည့်သွင်းစဉ်းစားလုပ်ဆောင်ရမည်ဖြစ်သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် (UEC) ၏ ဦးဆောင်မှုအာဏာအောက်တွင်ကျင်းပသည့် မြန်မာနိုင်ငံအထွေထွေရွေးကောက်ပွဲများကို ၅ နှစ်လျှင်တစ်ကြိမ်သက်တမ်းဖြင့် ကျင်းပသည်။ နောက်ဆုံးကျင်းပခဲ့သည့် ရွေးကောက်ပွဲများကို စစ်ဘက်ဆိုင်ရာအုပ်ချုပ်မှုအား ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့် ဆန့်ကျင်အနိုင်ယူခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်လက်အောက်ရှိ ယခုလက်ရှိအစိုးရကိုထွက်ပေါ် လာစေခဲ့သည့် ရွေးကောက်ပွဲများဟု မှတ်ယူခဲ့သည်။ ယခုလာမည့်မဲများသည် ပိုမိုအပြိုင်အဆိုင်များမည်ဟုမျှော်မှန်းရပြီး ရွေးကောက်ပွဲစနစ်တစ်ခုလုံးသည်လည်း ခါတိုင်းထက်ပိုမိုအစမ်းသပ်ခံရမည်ဟု မျှော်မှန်းရသည်။

ဤအကဲဖြတ်ဆန်းစစ်ချက်သည် ရွေးကောက်ပွဲအကြိုအခြေအနေရပ်များ၊ ရွေးကောက်ပွဲများအတွက်မူဘောင်များ၊ ရွေးကောက်ပွဲစီမံအုပ်ချုပ်ရေး၊ မဲဆန္ဒရှင်အမည်စာရင်းမှတ်ပုံတင်ခြင်း၊ နိုင်ငံရေးအသင်းအဖွဲ့များအနေအထား၊ မဲဆွယ်စည်းရုံးရေးနှင့် မဲဆွယ်စည်းရုံးရေး ဘဏ္ဍာရေးသုံးစွဲမှုများနှင့် ရွေးကောက်ပွဲဖျက်သိမ်းရန် အလားအလာရှိမှုများနှင့် ရခိုင်ပြည်နယ်အတွင်း ရွေးကောက်ပွဲများအတွက်ရှုထောင့်များ စသည်တို့ကို လေ့လာဖော်ပြထားသည်။ ထို့အပြင် ဤစာတမ်းသည် ရွေးကောက်ပွဲရက်မတိုင်မီ COVID-19 ကို ထည့်သွင်းစဉ်းစားပြီး လူမှုသတင်းမီဒီယာနှင့် ရွေးကောက်ပွဲလေ့လာစောင့်ကြည့်ခြင်းများအကြောင်းကိုလည်း ဆွေးနွေးတင်ပြထားသည်။

ယင်းသို့တင်ပြရာတွင် ဤအကဲဖြတ်ဆန်းစစ်ချက်သည် ယခင် ဥရောပသမဂ္ဂ (EU) နှင့် အခြားရွေးကောက်ပွဲလေ့လာစောင့်ကြည့်ရေးလုပ်ငန်းများအပြင် အမျိုးမျိုးသော ပါဝင်ဆက်စပ်သက်ဆိုင်သူများနှင့်ပြုလုပ်ခဲ့သည့် အွန်လိုင်းမှတစ်ဆင့် အင်တာဗျူးအမေးအဖြေ ၂၅ ခုတို့မှရရှိသည့်အကြောင်းအရာများနှင့် တွေ့ရှိချက်များအပေါ် အခြေခံထားခြင်းဖြစ်သည်။ ၎င်းတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးအသင်းအဖွဲ့များ၊ သတင်းမီဒီယာ၊ အရပ်ဘက်လူမှုအဖွဲ့ အစည်းများ၊ နည်းပညာပိုင်းဆိုင်ရာထောက်ပံ့ကူညီပေးသူများ၊ ပြည်တွင်းနှင့် နိုင်ငံတကာရွေးကောက်ပွဲလေ့လာစောင့်ကြည့်သူများနှင့် လွတ်လပ်သော ကျွမ်းကျင်ပညာရှင်များတို့ ပါဝင်သည်။

ယင်းစကားအပြောအဆိုများနှင့်ထပ်မံဖြည့်စွက်သုတေသနပြုလုပ်ချက်များအပေါ်တွင်အခြေတည်ပြီးဤအကဲဖြတ်ဆန်းစစ်ချက်သည် ရွေးကောက်ပွဲဆိုင်ရာဆက်စပ်ပါဝင်သက်ဆိုင်သူများအတွက် အကြံပြုချက် ၉ ချက်ကို ပေးအပ်သွားမည်ဖြစ်သည်။ ၎င်းတို့အနေဖြင့် ဆန္ဒမဲထည့်ပိုင်ခွင့်နှင့် မြန်မာနိုင်ငံရှိအများ ပြည်သူကျန်းမာရေးကိုအကာအကွယ်ပေးရန်နှစ်ခုစလုံးကိုသေချာအောင်စောင့်ရှောက်နိုင်မည့်မည်သည့်ဖြေရှင်းရန်နည်းလမ်းများကိုမဆိုဒီမိုကရေစီနည်းလမ်းကျသော ရွေးကောက်ပွဲများအတွက် နိုင်ငံတကာစံချိန်စံနှုန်းများနှင့် အခြေခံစည်းမျဉ်းများကိုလိုက်နာရင်း ထည့်သွင်းလုပ်ဆောင်သွားရမည်ဖြစ်သည်။

# အတိုကောက်စကားလုံးစာရင်းများ

| | |
|---|---|
| AA | ရခိုင်တပ်မတော် (Arakan Army) |
| ANFREL | လွတ်လပ်သောရွေးကောက်ပွဲများအတွက်အာရှကွန်ယက် (Asian Network for Free Elections) |
| ANP | ရခိုင်အမျိုးသားပါတီ (Arakan National Party) |
| CoC | လိုက်နာရန်ကျင့်ဝတ် (Code of Conduct) |
| GAD | အထွေထွေအုပ်ချုပ်ရေး (General Administration Department) |
| DG | ညွှန်ကြားရေးမှူးချုပ် (Director General) |
| DNP | အမျိုးသားနိုင်ငံရေးဒီမိုကရက်တစ်ပါတီ (Democratic Party of National Politics) |
| EEOP | ရွေးကောက်ပွဲအသိပညာပေးနှင့်ရွေးကောက်ပွဲလေ့လာစောင့်ကြည့်ရေးမိတ်ဖက်အသင်းအဖွဲ့များ (Election Education and Observation Partners) |
| EFM | ရွေးကောက်ပွဲနောက်ဆက်တွဲလေ့လာရေးအဖွဲ့ (Election Follow-up Mission) |
| EOM | ရွေးကောက်ပွဲလေ့လာစောင့်ကြည့်ရေးအဖွဲ့ (Election Observation Mission) |
| EU | ဥရောပသမဂ္ဂ (European Union) |
| MoHS | ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန (Ministry of Health and Sports) |
| MoIP | လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန (Ministry of Immigration and Population) |
| NLD | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (National League for Democracy) |
| PACE | People’s Alliance for Credible Elections |
| PP | ပြည်သူ့ပါတီ (People’s Party) |
| SNDP | ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ (Shan Nationalities Development Party) |
| SNLD | ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် (Shan National League for Democracy) |
| TCC | The Carter Center |
| UBP | ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ (Union Betterment Party) |
| UEC | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် (Union Election Commission) |
| USDP | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ (Union Solidarity and Development Party) |

# မိတ်ဆက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လာမည့်အထွေထွေရွေးကောက်ပွဲများကို ၂၀၂၀ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်ဟုစီစဉ်ထားရှိပြီး ၎င်းသည် စစ်ဘက်အုပ်ချုပ်ရေးပြီးနောက် တတိယအကြိမ်ကျင်းပပြုလုပ်ခြင်းဖြစ်မည်ဖြစ်သည်။ ၂၀၁၀ ခုနှစ် နိုဝင်ဘာလ၏ ရွေးကောက်ပွဲများသည် စစ်ဘက်ဆိုင်ရာခေါင်းဆောင်များမှ နိုင်ငံတော်အားပိုမိုဒီမိုကရေစီဆန်သောနိုင်ငံတော်အဖြစ်ထိန်းကျောင်းနိုင်ရန် ကိရိယာတစ်ခုအဖြစ်အထောက်အကူပြုခဲ့သည်။ ၂၀၁၅ ခုနှစ် နိုဝင်ဘာလတွင်ကျင်းပခဲ့သည့် ရွေးကောက်ပွဲများသည် စစ်ဘက်ဆိုင်ရာအုပ်ချုပ်မှုအားဆန့်ကျင်သည့် ပြည်လုံးကျွတ်ဆန္ဒခံယူမှုဖြစ်ခဲ့ပြီး နိုင်ငံတော်အတိုင်ပင်ခံ ဒေါ်အောင်ဆန်းစုကြည်လက်အောက်ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဦးဆောင်သောအစိုးရအဖြစ် ဖြစ်ပေါ်လာစေခဲ့သည်။ လာမည့်ရွေးကောက်ပွဲများသည် ယခင်ထက်ပို၍ အပြိုင်အဆိုင်များရန် မျှော်လင့်ရသည်။ အထွေထွေရွေးကောက်ပွဲများအပြင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် (UEC) သည် ၂၀၁၂ ခုနှစ်၊ ၂၀၁၇ ခုနှစ် နှင့် ၂၀၁၈ ခုနှစ်တို့တွင်လည်းကြားဖြတ်ရွေးကောက်ပွဲများကို စီစဉ်ကျင်းပခဲ့ပြီး နောက်ဆုံးတစ်ကြိမ်ကျင်းပခဲ့ရာတွင် အချို့သောနေရာများ၌ NLD အတွက် ဝန်းရံထောက်ခံမှုများမှာ လျော့နည်းနိုင်ကြောင်း ဖော်ပြနေသည်။ UEC သည် လွန်ခဲ့သောနှစ်များအတွင်း လုပ်ထုံးလုပ်နည်းပိုင်းဆိုင်ရာပြောင်းလဲမှုများကို မိတ်ဆက်လုပ်ဆောင်ခဲ့သော်လည်း ရွေးကောက်ပွဲများကျင်းပရန်အတွက် တရားဥပဒေဆိုင်ရာမူဘောင်များမှာမူ ချွင်းချက်အနည်းငယ်ဖြင့် မပြောင်းလဲပဲ ကျန်ရှိနေသည်။ အာဏာပိုင်များသည် ရွေးကောက်ပွဲလုပ်ငန်းစဉ် တိုးတက်ကောင်းမွန်ရန်အတွက် အပြည်ပြည်ဆိုင်ရာရွေးကောက်ပွဲလေ့လာစောင့်ကြည့်သူများမှပေးအပ်သည့် အကြံပြုချက်များကို အကောင်အထည်ဖော်ရဦးမည်ဖြစ်သည်။[၁]

၂၀၁၆ခုနှစ်တွင် NLDသည် ရွေးကောက်ခံယှဉ်ပြိုင်သည့်နေရာအတော်များများတွင် အနိုင်ရပြီးနောက် အစိုးရအဖြစ်တက်လာသည့်အခါ ပြောင်းလဲမှုအတွက်မျှော်လင့်ချက်များ အများအပြားရှိခဲ့သည်။ အစိုးရသစ်၏ ပထမနှစ်အတွင်းတွင် နိုင်ငံတစ်ဝှမ်းရှိပြည်သူအမြောက်အများတို့သည် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးမရှိ ခြင်းအပေါ် စိတ်ပျက်ကာစပြုလာကြသည်။ အရပ်ဘက်လူထုအတွင်းမှ ယခင်ထောက်ခံသူတို့သည် အရပ်ဘက်လူထုဝန်းကျင်အဖြစ် အရာသွင်းမခံရ၊လျစ်လျူရှုခံရပြီး လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်သည် ယခင်ကထက်ပင် ပို၍ကျဉ်းကြပ်လာခဲ့သည်။ ယင်းနှစ်များတွင် စီးပွားရေးဆိုင်ရာပြုပြင်ပြောင်းလဲရေးနှင့် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများသည်လည်း မျှော်လင့်ထားသလောက် မအောင်မြင်ခဲ့ပဲ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကိုလည်း မလုပ်ဆောင်နိုင်ခဲ့ပါ။ အစိုးရသစ်တက်ကာစတွင် ကမ္ဘာ့သက်တမ်းအကြာရှည်ဆုံးပြည်တွင်းစစ်ကိုရပ်တန့်ရန် ပင်လုံငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် ပဓာနဦးစားပေးဖြစ်ခဲ့သော်လည်း စီမံအုပ်ချုပ်ရေးအသစ်တွင် ယင်းလုပ်ငန်းစဉ်ရှေ့ဆက်လုပ်ဆောင်ရေးအတွက် စိတ်အားထက်သန်မှုကိုရောနှင့် စွမ်းဆောင်နိုင်စွမ်းကိုပါ မတွေ့ရှိရပါ။[၂] အထူးသဖြင့် ရှမ်းပြည်မြောက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် ပစ်ခတ်တိုက်ခိုက်မှုများဆက်လက်ဖြစ်ပွားခဲ့သော်လည်း ဆိုးရွားသောဖြစ်ရပ်များသည် ရခိုင်ပြည်နယ်တွင်ဖြစ်ပွားခဲ့ကာ ပြည်သူများအားတိုက်ခိုက်မှုဆက်လက်ဖြစ်ပွားနေခဲ့သည်။ မြန်မာနိုင်ငံသည် လူသားမဆန်စွာလူမျိုးတုံးသတ်ဖြတ်မှုကျူးလွန်သည်ဟု ရာဇဝတ်မှုစွပ်စွဲချက်များဖြင့် အပြည်ပြည်ဆိုင်ရာ တရားရုံးရှေ့မှောက်သို့ ဆင့်ခေါ်ခံခဲ့ရသည်။ ယင်းစိန်ခေါ်မှုများအားလုံးအပြင် မြန်မာနိုင်ငံသည် COVID-19 ကပ်ရောဂါအခြေအနေအောက်တွင် ရွေးကောက်ပွဲများကျင်းပမည့် ပထမဆုံးအရှေ့တောင်အာရှနိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံသည် ကပ်ရောဂါကူးစက်မှုကို တုံ့ပြန်ဆောင်ရွက်ရန် နှေးကွေးခဲ့သည်။ ဒေသတွင်းရှိ အခြား

၁ မြန်မာနိုင်ငံသည် ဒီမိုကရေစီနည်းလမ်းကျသောရွေးကောက်ပွဲများ၏ ကျင့်ဝတ်များအတွက် ရေးဦးလိုအပ်ချက်များကို ပံ့ပိုးပေးသည့် အရေးအကြီးဆုံးနိုင်ငံတကာစာချုပ်ဖြစ်သည့် အပြည်ပြည်ဆိုင်ရာနိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးသဘောတူပဋိညာဉ်စာချုပ် (ICCPR) ကို အတည်မပြုရသေးပါ။

၂ ICG ၂၀၂၀ က

သောနိုင်ငံများသည် ၎င်းတို့၏နယ်စပ်များကို ပိတ်ဆို့မှုများပြုလုပ်နေခဲ့သော်လည်း ရန်ကုန်တွင် ပထမဆုံးကိုရိုနာဗိုင်းရပ်စပ်ကူးစက်ရောဂါပိုးတွေ့ရှိမှုကို မတ်လ ၂၃ တွင်မှ ကြေညာခဲ့ခြင်းဖြစ်သည်။ ယင်းလကုန်တွင် နိုင်ငံတော်သမ္မတဦးဝင်းမြင့်သည် ကြိုတင်သတိထားဆောင်ရွက်ချက်များကို ထုတ်ပြန်ကြေညာခဲ့ပြီး COVID-19 ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန် ဆောင်ရွက်ရေးကော်မတီကို စတင်ဖွဲ့စည်းခဲ့သည်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန (MoHS) သည် အစိုးရတုံ့ပြန်ဆောင်ရွက်ခြင်းများအတွက် တာဝန်ရှိသောဝန်ကြီးဌာနဖြစ်လာသည်။ ယင်းနောက်ပိုင်းမှစ၍ ရောဂါပိုးစမ်းသပ်ရှာဖွေစစ်ဆေးခြင်းများတိုးလာခဲ့သော်လည်း ခြုံငုံလုပ်ဆောင်နိုင်စွမ်းမှာနည်းပါးနေဆဲဖြစ်သည်။[၃] မေလ ၉ ရက်နေ့တွင် မြန်မာ့တပ်မတော်သည် COVID-19 ပပျောက်ရေးဆောင်ရွက်ချက်များလုပ်ဆောင်နိုင်ရေးအတွက် (ရခိုင်ပြည်နယ်မှအပ) ပဋိပက္ခခံစားရသောဒေသများတွင် အပစ်အခတ်ရပ်စဲရေး တစ်ဖက်သတ်သဘောတူညီချက်များကို ထုတ်ပြန်ကြေညာခဲ့ပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအမြောက်အများတို့သည်လည်း ၎င်းတို့ကိုယ်စား အပစ်အခတ်ရပ်စဲရေးတစ်ဖက်သက်သဘောတူညီချက်များကို ထုတ်ပြန်ကြေညာခဲ့သည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ကျန်းမာရေးဌာနများသည် အပစ်အခတ်ရပ်စဲသည့်ဒေသများတွင် ရောဂါအကြပ်အတည်းတုံ့ပြန်ဆောင်ရွက်ရန် အဓိကကျအရေးပါသောလုပ်ဆောင်သူများဖြစ်လာသည်။[၄] ၎င်းဌာနအများစုသည် မြန်မာနိုင်ငံသို့ ရောဂါကူးစက်ခံထားရမှုများကို သယ်ဆောင်လာနိုင်သည့် ရွှေ့ပြောင်းအလုပ်သမားများ ပြည်တော်ပြန်လာသည့် အပြည်ပြည်ဆိုင်ရာနယ်နိမိတ်များတွင် တည်ရှိသည်။

လက်ရှိတွင် ဗိုင်းရပ်စ်ရောဂါပိုးကူးစက်ပျံ့ပွားမှုသည် အကန့်အသတ်ရှိပြီး အခြားနေရာများကဲ့သို့ ထိခိုက်မှုအများအပြားမဖြစ်ပေါ်ခဲ့ပါ။ ၎င်းသည် အရှေ့တောင်အာရှ အဓိကနိုင်ငံများနှင့် ယူနန် စသည့်အခြားနိုင်ငံများရှိ အခြေအနေများနှင့် အတူထင်ဟပ်သည်။ သို့သော်လည်း ရောဂါသည် အများပြည်သူသိရှိထားသည်ထက် ပိုမိုကူးစက်ထားပြီးဖြစ်နိုင်သည်။ ဧပြီလ ၁၈ ရက်နေ့တွင် MoHS သည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ၇ မြို့နယ်တို့တွင် အိမ်တွင်အသွားအလာကန့်သတ်နေထိုင်ရန် (stay-at-home) အမိန့်ကို ထုတ်ပြန်ခဲ့သည်။ အစိုးရသည် နိုင်ငံတွင်းရွှေ့လျားသွားလာမှုကန့်သတ်ချက်များနှင့် လူ ၅ ဦးထက်ပိုစုခြင်းကို တားမြစ်ခြင်းများကို လုပ်ဆောင်ခဲ့သည်။ အစိုးရဌာနဆိုင်ရာများသည် လွတ်လပ်စွာခရီးသွားလာနိုင်သော်လည်းအရပ်ဘက်လူထုများမှာ မသွားလာနိုင်ခဲ့ပဲ စစ်အုပ်ချုပ်မှုအောက်ရှိ အခြေအနေဟောင်းများကို ပြန်လည်အမှတ်ရစေသည်။

သို့သော်လည်း ယင်းကန့်သတ်လုပ်ဆောင်ချက်များအားလုံးသည် ကျိုးကြောင်းစီလျော်မှုရှိပုံပေါ်ပြီး ကျယ်ကျယ်ပြန့်ပြန့်လက်ခံခဲ့ကာ ဇွန်လအကုန်တွင် ပြန်လည်ဖြေလျှော့လာခဲ့သည်။ ကပ်ရောဂါသည် နိုင်ငံအား ထိန်းမနိုင်သိမ်းမရသောနည်းလမ်းများဖြင့် ကစဉ့်ကလျားများ မဖြစ်စေခဲ့ပဲ ရွေးကောက်ပွဲများကျင်းပခြင်းနှင့်စပ်လျဉ်းသည့် မသေချာမရေရာမှုများသည်လည်း ရွေးကောက်ပွဲဆိုင်ရာ ဆက်စပ်ပါဝင်သက်ဆိုင်သူများအတွက် အကန့်အသတ်ရှိခဲ့သည်။

COVID-19 ကပ်ရောဂါသည် ကမ္ဘာတစ်ဝှမ်းရှိ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များအပေါ် အန္တရာယ်နှင့် စိန်ခေါ်မှုအသစ်များကို ဖြစ်ပေါ်စေသည်။ ၂၀၂၀ ခုနှစ် ဇွန်လတွင် ကမ္ဘာနှင့်တစ်ဝှမ်း ရွေးကောက်ပွဲပေါင်း ၁၀၀ ကျော်တို့ကို ဆိုင်းငံ့ခဲ့ရပြီး အချို့နိုင်ငံများမှာ ကပ်ရောဂါဖြစ်လင့်ကစား ရွေးကောက်ပွဲများကို ဆက်လက်ကျင်းပရန်ဆုံးဖြတ်ခဲ့ကြသည်။ အာရှတိုက်တွင် တောင်ကိုးရီးယားသည် ဧပြီလ ၁၅ ရက်နေ့တွင် လွှတ်တော်ရွေးကောက်ပွဲများကို အောင်မြင်စွာကျင်းပခဲ့ခြင်းမှာ အထင်ကရဥပမာတစ်ခုဖြစ်ပြီး နိုင်ငံပြင်ပမဲပေးခြင်းများ အကန့်အသတ်ရှိခဲ့သည့်တိုင်အောင် ဆန္ဒမဲထည့်ဝင်သူအရေအတွက် တိုးများခဲ့သည်။ သို့သော်လည်း ယင်းဖြစ်စဉ်သည် နိုင်ငံအနေအထားအလိုက်သီးသန့်ဖြစ်ပြီး ဒေသအတွင်းရှိ အခြားသောနိုင်ငံများတွင် ရိုးရှင်းစွာလိုက်လံလုပ်ဆောင်နိုင်မည်မဟုတ်ပါ။[၅]

၃ ဟိန်းသာ ၂၀၂၀
၄ ICG ၂၀၂၀ ဂ
၅ Spinelli ၂၀၂၀

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် (UEC) ကို ထောက်ပံ့ပေးနေသည့် နည်းပညာပိုင်းဆိုင်ရာ အထောက်အပံ့ပေးသူများနှင့် မြန်မာနိုင်ငံအတွင်းရှိ ရွေးကောက်ပွဲဆိုင်ရာ အခြားဆက်စပ်ပါဝင်သက်ဆိုင်သူများသည် COVID-19 အခြေအနေများအောက်တွင် ရွေးကောက်ပွဲများကို ထောက်ပံ့ရန် လေ့လာရရှိထားသောသင်ခန်းစာများနှင့် ကောင်းမွန်သောအလေ့အထများကို စတင်စုဆောင်းနေပြီဖြစ်သည်။[၆] ဇွန်လ ၄ ရက်နေ့တွင် UEC သည် လာမည့် အထွေထွေရွေးကောက်ပွဲများကို နိုဝင်ဘာလ ၂၀၂၀တွင် ကျင်းပမည်ဟု ကြေညာခဲ့သဖြင့် ၂၀၁၀ နှင့် ၂၀၁၅ တို့တွင် ကျင်းပခဲ့သည့် အချိန်ဇယားအတိုင်း ကျင်းပသွားမည်ဖြစ်ကာ ရွေးကောက်ပွဲဆိုင်ရာ ကြိုတင်ပြင်ဆင်ချက်များကို စီစဉ်ထားသည့်အတိုင်း ဆောင်ရွက်သွားမည်ဖြစ်သည်။

COVID-19 သည် ရွေးကောက်ပွဲများကို နည်းလမ်းအမြောက်အများဖြင့် သက်ရောက်မှုရှိနိုင်သည် - ကျန်းမာရေး သတိပြုဆောင်ရွက်ချက်များအတွက် အရပ်ဘက်ဆိုင်ရာလွတ်လပ်ခွင့်များအပေါ် ကန့်သတ်ချက်များ၊ အထူးသဖြင့် လွတ်လပ်စွာရွေ့လျားသွားလာခွင့်နှင့် စုဝေးစီတန်းခွင့်တို့သည် ရွေးကောက်ပွဲများ၊ အထူးသဖြင့် မဲဆွယ်စည်းရုံးရေးများအပေါ် သက်ရောက်မှုများရှိနိုင်သည်။ အများပြည်သူမဲဆန္ဒရှင်စာရင်း ထုတ်ပြန်ကြေညာပြသခြင်းစသည့် အွန်လိုင်းမှတဆင့် ကူးပြောင်းလုပ်ဆောင်၍မရသည့် လုပ်ငန်းစဉ်များ ဆိုင်းငံ့ခံရနိုင်သည်။ အထူးသဖြင့် အင်တာနက်နှင့် အခြားအရင်းအမြစ်များ သို့မဟုတ် သတင်းအချက်အလက်များမရရှိနိုင်သည့် နယ်ဝေးဒေသများအတွက် အထူးအရေးပါသည့်ပြည်သူနှင့်မဲဆန္ဒရှင်အသိပညာပေးလုပ်ငန်းများဆိုင်းငံ့ရနိုင်ပြီး ရွေးကောက်ပွဲနေ့လုပ်ထုံးလုပ်နည်းများနှင့် အခြားလူအချင်းချင်း အပြန်အလှန်ထိတွေ့ဆက်ဆံလုပ်ဆောင်ရမှုများကို ရောဂါကြိုတင်ကာကွယ်မှု သန့်ရှင်းရေးနှင့် ဘေးကင်းလုံခြုံရေး အရေးယူဆောင်ရွက်ချက်များဖြင့် ချိန်ထိုးလုပ်ဆောင်ရနိုင်သည်။ မြန်မာနိုင်ငံတွင် COVID-19 ကပ်ရောဂါကူးစက်ပျံ့ပွားမှုသည် ရှိပြီးသားရွေးကောက်ပွဲလုပ်ငန်းစဉ်အတွင်း အားနည်းချက်များနှင့် အန္တရာယ်များကို ပေါ်င်းစည်းဖြစ်ပေါ်စေသော်လည်း ရွေးကောက်ပွဲများကျင်းပခြင်းမှာ မဖြစ်နိုင် သို့မဟုတ် ဖြစ်နိုင်ချေမရှိဆိုသည့်မျိုးပင်မရှိပါ။ သို့သော် လည်း ၂၀၂၀ ခုနှစ် နိုဝင်ဘာလဟု မှန်းထားသည့် ရွေးကောက်ပွဲမတိုင်မီ အချိန်လေးလအလိုတွင် တစ်ကမ္ဘာလုံးနှင့် နိုင်ငံအတွင်း ဗိုင်းရပ်စ်ရောဂါပိုးကူးစက်ပျံ့ပွားမှုတို့ကို လုပ်ငန်းစဉ်အပေါ် ကြိုတင်မမှန်းဆနိုင်သောနည်းလမ်းများဖြင့် သက်ရောက်မှုရှိနိုင်သည့် အလားအလာရှိသော အန္တရာယ်တစ်ခုအဖြစ် ထည့်သွင်းစဉ်းစားလုပ်ဆောင်ရမည်ဖြစ်သည်။

၆ နိုင်ငံတကာနိူင်းယှဉ်ချက်များအတွက် IFES နှင့် International IDEA တို့၏ ဝက်ဘ်ဆိုက်များကိုကြည့်ရှုပါ။ နိုင်ငံတကာခရီးသွားလာမှုကန့်သတ်ချက်များ အသက်မဝင်မီ နိုင်ငံတကာအထောက်အပံ့ပေးသူအမြောက်အများတို့သည် မြန်မာ ပြည်မှထွက်ခွာသွားသော်လည်း အချို့မှာဆက်လက်နေထိုင်ခဲ့ပြီး UEC နှင့် တောက်လျှောက်အတူလုပ်ဆောင်ခဲ့သည်။

# ၁။ ဥပဒေမူဘောင်အကျဉ်းချုပ်ဖော်ပြချက်

အထွေထွေရွေးကောက်ပွဲများတွင် မြန်မာနိုင်ငံအတွင်းရှိ မဲဆန္ဒရှင်များသည် ပြည်သူ့လွှတ်တော် (အောက်လွှတ်တော်) တွင် ကိုယ်စားလှယ်နေရာ ၃၃၀ နှင့် အမျိုးသားလွှတ်တော် (အထက်လွှတ်တော်) တွင် ၁၆၈ နေရာတို့ကို ရွေးကောက်တင်မြှောက်ပြီး ၎င်းလွှတ်တော်နှစ်ရပ်ပေါင်းကာ သက်တမ်း ၅ နှစ်ရှိသည့် ပြည်ထောင်စုလွှတ်တော် (ပြည်ထောင်စုအဆင့်တွင်လွှတ်တော်နှစ်ရပ်ရှိ ဥပဒေပြုအဖွဲ့) ကို ဖြစ်ပေါ်စေသည်။ တစ်ဆက်တည်းတွင် တိုင်းနှင့်ပြည်နယ် ၁၄ ခုတို့အတွက် လွှတ်တော်ကိုယ်စားလှယ်များကိုလည်း ရွေးကောက်တင်မြှောက်သည်။ ပြည်ထောင်စုလွှတ်တော်ဖွဲ့စည်းပြီးနောက် အစိုးရအား အုပ်ချုပ်ပြီး အလုပ်အမှုဆောင်လုပ်ငန်းတာဝန်အမြောက်အများတို့ကို ခန့်အပ်သည့် နိုင်ငံတော်သမ္မတအား ရွေးကောက်ပွဲဆိုင်ရာကိုယ်စားလှယ်များမှ ရွေးကောက်သည့်နည်းလမ်းဖြင့် ရွေးကောက်တင်မြှောက်သည်။ အထွေထွေရွေးကောက်ပွဲများသည် မြို့နယ်များအပေါ်အခြေခံသည့် မဲဆန္ဒနယ်များအတွက် ကိုယ်စားလှယ်ဝင်တစ်ဦးစီဖြင့် အများစုမှပေးသည့်မဲ ပထမအများဆုံးရရှိသူနိုင်သည့် ရွေးကောက်ပွဲစနစ်ကို အသုံးပြုသည်။ ရွေးကောက်ပွဲစနစ်၏ နောက်ဆက်တွဲနှင့်ခန့်အပ်ရာတွင် သမ္မတ၏အခွင့်အာဏာများကို ထည့်သွင်းစဉ်းစားသည့်အချက်အရ ရွေးကောက်ပွဲဖြစ်စဉ်တစ်ခုတည်းအပေါ်တွင် နိုင်ငံ၏အစိုးရဖွဲ့စည်းပုံစနစ်တစ်ရပ်လုံးသည် အရေးပါအခရာကျလျက်ရှိသည်။[၇]

နိုင်ငံတော်အတိုင်ပင်ခံရုံးသည် ရွေးကောက်ခံတင်မြှောက်ထားသည့် ရုံးမဟုတ်ပဲ ဖွဲ့စည်းပုံအခြေခံဥပဒေထဲတွင် မပါဝင်ပါ။ စစ်အုပ်ချုပ်မှုမှ ရေးဆွဲအသက်သွင်းခဲ့သော ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအပေါ်အခြေခံထားပြီး ဥပဒေပြုအဖွဲ့များအားလုံးသည် ရွေးကောက်ခံတင်မြှောက်သောကိုယ်စားလှယ်များနှင့် ဗိုလ်ချုပ်မှူးကြီးမှ ခန့်အပ်သော ၄ ပုံတစ်ပုံသော ကိုယ်စားလှယ်တို့ဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ မြန်မာ့စစ်ဘက်ဆိုင်ရာဖြစ်သည့် ကာကွယ်ရေးတပ်မတော်သည် နိုင်ငံတော်အုပ်ချုပ်ရေးတွင် အရေးပါသောအခန်းကဏ္ဍမှ ဆက်လက်ပါဝင်နေသည်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်အခြေခံပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေနှင့် နိုင်ငံရေးအသင်းအဖွဲ့များမှတ်ပုံတင်ရေးဥပဒေတို့နှင့်အတူ ရွေးကောက်ပွဲဥပဒေများသည် အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် တိုင်းနှင့်ပြည်နယ်လွှတ်တော်များဥပဒေများအထိ ဖြန့်ကျက်တည်ရှိသည်။ ယင်းဥပဒေများအားလုံးသည် ၂၀၁၀ ခုနှစ်ကတည်းက အသက်ဝင်ခဲ့ခြင်းဖြစ်ပြီး အချို့ဥပဒေများကိုပြင်ဆင်ခဲ့သည်။ ထို့အပြင် ရွေးကောက်ပွဲများ၏ ကျင့်ဝတ်များကို UEC စည်းမျဉ်းများ၊ စည်းမျဉ်းစည်းကမ်းများနှင့် ညွှန်ကြားချက်များဖြင့် ထိန်းကျောင်းထားခြင်းဖြစ်သည်။ ၂၀၁၅ခုနှစ် တွင်ကျင်းပခဲ့သည့် အထွေထွေရွေးကောက်ပွဲပြီးကတည်းက စည်းမျဉ်းစည်းကမ်းဆိုင်ရာမူဘောင်သည် မကြာသေးခင်ကအထိ ပြောင်းလဲမှုမရှိခဲ့ပါ။ ၂၀၂၀ခုနှစ် မေလအကုန်တွင် နည်းဥပဒေအတည်ပြုရာမှ မိတ်ဆက်ပြဋ္ဌာန်းခဲ့သော ပြင်ဆင်ချက်များတွင် အခြားပြင်ဆင်ချက်များအပြင် ရွေးကောက်ပွဲလုပ်ငန်းစဉ်အတွင်း ပြင်ဆင်ချက် နှစ်ခုပါဝင်ခဲ့သည် - စစ်ဘက်ဆိုင်ရာမဲဆန္ဒရှင်များနှင့် ၎င်းတို့၏ မိသားစုများသည် တပ်ထဲတွင်မဲပေးရတော့မည်မဟုတ်ပဲ သာမန်မဲရုံများတွင်မဲပေးရမည်ဖြစ်ခြင်း၊ နှင့် အမြဲတမ်းအခြေချနေထိုင်သူမှ ယာယီအခြေချနေထိုင်သူသို့ ဆန္ဒမဲထည့်ပိုင်ခွင့်လွှဲပြောင်းရန် အချိန်ကာလအကန့်အသတ်ကို ရက်ပေါင်း ၁၈၀ မှ ၉၀ သို့လျှော့ချခြင်းတို့ဖြစ်သည်။

၇ Lidauer နှင့် Saphy ၂၀၁၄ တို့ကို ရှုပ်ယှဉ်ပါ

ယင်းအပြောင်းအလဲများကို ဝေဖန်မှုကင်းစွာလက်ခံခဲ့ခြင်းမဟုတ်ချေ။ ရှေးဦးစွာ တပ်ပြင်ပတွင်ဆန္ဒမဲထည့်ခြင်းသည် မဲဆန္ဒရှင်များအား ဘေးကင်းလုံခြုံမှုအန္တရာယ်များရှိစေသည်ဟု အချို့ ဆက်စပ်ပါဝင်သက်ဆိုင်သူများမှ အမြင်ရှိခဲ့သည်။ စစ်ဘက်ဆိုင်ရာပုဂ္ဂိုလ်များနှင့် ၎င်းတို့၏မိသားစုများမှ အများပြည်သူမြင်တွေ့ရခြင်းမရှိပဲ တပ်ထဲတွင်မဲပေးခြင်းကို ယခင်ကအပြင်းအထန်ဝေဖန်ခဲ့မှုများရှိခဲ့သည်။ စစ်ဘက်ဆိုင်ရာကြိုတင်မဲပေးခြင်းကိုလည်း ရှင်းလင်းတိကျမှုမရှိပဲ ရလဒ်များကိုလှည့်ဖြားရန် ပြုလုပ်သည့်ကိရိယာတစ်ခုအဖြစ် မှတ်ယူခဲ့ကြသည်။ မြန်မာ့စစ်ဘက်ဆိုင်ရာတွင် မိသားစုဝင်များနှင့် လူဦးရေပေါင်း ခန့်မှန်း ၅၀၀,၀၀၀ ရှိပြီး ၎င်းတို့အုပ်စုသည် မဲဆန္ဒရှင်ပေါင်း ၁ သန်း၏ ထက်ဝက်ကျော်တို့ ဖြစ်သည်။ ဒုတိယအချက်အနေဖြင့် မဲဆန္ဒရှင်များ ၎င်းတို့မဲထည့်သည့်မဲဆန္ဒနယ်အတွင်းမှ မဟုတ်ပဲ အခြားမဲဆန္ဒနယ်တွင်းမှ ဆန္ဒမဲထည့်ခွင့်ရရန် မဲဆန္ဒရှင်၏ အခြေချနေထိုင်မှုကို ယာယီလွှဲပြောင်းရန် အချိန်ကာလအပိုင်းအခြားအား လျှော့ချခြင်းသည် ဗမာလူမျိုးရွှေ့ပြောင်းအလုပ်သမားများနေဖြင့် ၎င်းတို့၏ မဲဆန္ဒနယ်များအတွင်း ယာယီမှတ်ပုံတင်ပါက ၎င်းတို့အတွက် ရွေးကောက်ပွဲဆိုင်ရာ အကျိုးထိခိုက်မှုများဖြစ်နိုင်သည်ဟုယူဆသော တိုင်းရင်းသားနိုင်ငံရေးသမား အချို့တို့၏ ဝေဖန်ထောက်ပြချက်များလည်းရှိခဲ့သည်။

# ၂။ ရွေးကောက်ပွဲစီမံအုပ်ချုပ်ရေး

## ၂(က) အသင်းအဖွဲ့ဆိုင်ရာဖွဲ့စည်းမှုနှင့် ဖွဲ့စည်းပုံ

မြန်မာနိုင်ငံအတွင်းရှိ ရွေးကောက်ပွဲများအား စီမံအုပ်ချုပ်ခြင်းသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် (UEC) ၏ လက်ထဲတွင်ရှိသည်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေသည် UEC အား အထွေထွေရွေးကောက်ပွဲများ၊ နိုင်ငံရေးအဖွဲ့များမှတ်ပုံတင်ခြင်းနှင့် ကြီးကြပ်ခြင်းတို့ကို စီစဉ်ဆောင်ရွက်ရန်တာဝန်ရှိစေသည်။ ရွေးကောက်ပွဲကော်မရှင်သည် ယင်းလုပ်ဆောင်နိုင်မှုနှစ်ရပ်စလုံးအား အကောင်အထည်ဖော်သည့်အပေါ် ကျယ်ပြောသော၊ အများအပြား အစစ်အဆေးမရှိသော အခွင့်အာဏာကို ခံစားရသည်။ ရွေးကောက်ပွဲများကျင့်ဝတ်အတွက်မူ UEC သည် အခြားအရာများအပြင် စည်းမျဉ်းများနှင့် စည်းကမ်းများကို လက်ခံကျင့်သုံးပြီး တိုင်းနှင့်ပြည်နယ်များ၊ မြို့နယ်နှင့်ရပ်ကျေးအဆင့်များတွင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများကို ခန့်အပ်ထားရှိပြီး ရွေးကောက်ပွဲဆိုင်ရာ မဲဆန္ဒနယ်များ အစီအစဉ်ရေးဆွဲခြင်း၊ မဲဆန္ဒရှင်စာရင်းများပြုစုခြင်း၊ ရလဒ်များအား စိစစ်အတည်ပြုခြင်းနှင့် ရွေးကောက်ပွဲနှင့်သက်ဆိုင်သည့် တိုင်ကြားမှုများနှင့် အယူခံဝင်မှုများအပေါ် အဆုံးအဖြတ်ပေးခြင်းတို့ကိုလုပ်ဆောင်သည်။ ၎င်းသည် သဘာဝဘေးအန္တရာယ်ကျရောက်သော သို့မဟုတ် လုံခြုံရေးကို ခြိမ်းခြောက်ခံရသည့်နေရာများ (အောက်တွင်ဖော်ပြထားသည်ကိုကြည့်ပါ) တွင် ရွေးကောက်ပွဲများဆိုင်းငံ့ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းတို့ကိုလည်း လုပ်ဆောင်သည်။[၈]

အခြားအမှုဆောင်လုပ်ငန်းတာဝန်အမြောက်အများကဲ့သို့ပင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို သမ္မတမှ ခန့်အပ်ထားရှိသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပြဋ္ဌာန်းချက်များအပေါ်တွင် မူတည်၍ UEC သည် အနည်းဆုံး အဖွဲ့ဝင် ၅ ဦးဖြင့်ဖွဲ့စည်းထားသည်။ မတ်လ ၂၀၁၆ ခုနှစ်တွင် ရုံးထိုင်ခဲ့သည့် ကော်မရှင်ဥက္ကဋ္ဌ ဦးမြသိန်းအပါအဝင် ကော်မရှင်အဖွဲ့ဝင် ၅ ဦးတို့သည် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကို စောင့်ကြည့်ခဲ့သည့် ယခင် UEC ကို အစားထိုးခဲ့သည်။ ၂၀၁၉ ခုနှစ် မတ်လတွင် အသစ်ခန့်အပ်ထားချက်အရ ကော်မရှင်သည် ၂၀၁၅ ခုနှစ်တွင် ဖွဲ့စည်းထားခဲ့သကဲ့သို့ ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင် ၁၅ ဦးတို့ဖြင့် ရှိပြန်သည်။ အဖွဲ့ဝင်အမြောက်အများတို့သည် တရားဥပဒေဆိုင်ရာနောက်ခံနှင့် ပြည်သူ့ဝန်ထမ်းများအဖြစ် နောက်ခံအနေအထားရှိကြသူများဖြစ်ပြီး NLD နှင့် နီးစပ်သူများအဖြစ်လည်း မြင်ကြသူများဖြစ်သည်။ UEC ၏ ဖွဲ့စည်းပုံသည် နိုင်ငံ၏ တိုင်းရင်းသားလူမျိုးစုံလင်ကွဲပြားမှု၊ လူငယ်ထုနှင့် အမျိုးသမီးအဖွဲ့ဝင်များပါဝင်မှုတို့ကို ထင်ဟပ်မှုမရှိပါ။ ယင်းအနေအထားမရှိသဖြင့် နိုင်ငံရေးအသင်းအဖွဲ့များသည် UEC ၏ ဘက်မလိုက်မှုအပေါ် ယုံကြည်မှုမရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်များရှိသည်။ နိုင်ငံရေးအတိုက်အခံဘက်မှတိုက်ခိုက်မှုများအောက်တွင် UEC သည် ၎င်းတို့၏ ဘက်မလိုက်မှုနှင့် လွတ်လပ်မှု၊ အမှီသဟဲမပြုမှုတို့ကို ထုတ်ဖော်ပြသရန် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သည်။

UEC ၏ လက်ရှိအဖွဲ့ဝင်တစ်ဦးတည်းသာလျှင် ယခင်ရွေးကောက်ပွဲများကိုစောင့်ကြည့်ခဲ့သည့် ကော်မရှင်၏ တစ်ဦးအဖြစ်ပါဝင်သည်။ ညွှန်ကြားရေးမှူးချုပ် (DG) - ကော်မရှင်၏ အတွင်းပိုင်းဖွဲ့စည်းပုံအတွက်ရော ရွေးကောက်ပွဲစီမံအချုပ်ချုပ်မှုများကို ထိရောက်စွာထိန်းချုပ်လုပ်ကိုင်ရေးအတွက်ပါ အရေးကြီးသောအခန်းကဏ္ဍအဖြစ်ရှုမြင်သူ - ကို သက်တမ်းထက်ဝက်တွင် အစားထိုးခန့်အပ်ခဲ့သည်။ သို့သော်လည်း UEC အတွင်းအရေးမှူးရုံးအတွင်း ညွှန်ကြားရေးမှူး

၈ Lidauer and Saphy ၂၀၁၄

အမြောက်အများတို့သည် ယခင်ရွေးကောက်ပွဲများတွင် အတွေ့အကြုံရှိသူများဖြစ်သည်။ ထို့အပြင် တိုင်းနှင့်ပြည်နယ်များတွင် ရွေးကောက်ပွဲများကို ဦးဆောင်ရန်တာဝန်ရှိသည့် ရွေးကောက်ပွဲတာဝန်ရှိသူအများစုတို့သည် ၂၀၁၅ ခုနှစ် ကတည်းမှစ၍ အပြောင်းအလဲမရှိခဲ့ပါ။ တိုင်းနှင့်ပြည်နယ်အဆင့်တွင် ရွေးကောက်ပွဲကော်မရှင်များသည် အထွေထွေအုပ်ချုပ်ရေး (GAD)၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန (MoIP) နှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ပြည်သူ့ဝန်ထမ်းများဖြင့် အဓိကဖွဲ့စည်းထားသည်။ တစ်ဆက်တည်းတွင် ရွေးကောက်ပွဲစီမံအုပ်ချုပ်ရေးသည် အများအားဖြင့် ရွေးကောက်ပွဲများ ကျင်းပလုပ်ဆောင်ရန်အတွက် နိုင်ငံတစ်ဝှမ်း အမှုဆောင်ဌာနခွဲများအပေါ် လုပ်ငန်းပိုင်းဆိုင်ရာ အမှီသဟဲပြုရသည်ဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေတွင်ပြဋ္ဌာန်းထားသည်နှင့် ရွေးကောက်ပွဲဆိုင်ရာဥပဒေများနှင့် နည်းဥပဒေများတွင် ပြဋ္ဌာန်းထားသည့်အတိုင်း ရွေးကောက်ပွဲလုပ်ငန်းစဉ်၏ အဓိကကျသောအပိုင်းအမြောက်အများတို့မှာ UEC ဘက်မှ ပုံမှန်မဟုတ်သောတစ်ဖက်သက်သတ်မှတ်ချက်ဖြင့် ဆုံးဖြတ်နိုင်နေစေသည်။ ၎င်းတို့တွင် အခြားအရာများအနက် ရွေးကောက်ခံကိုယ်စားလှယ်လောင်း အမည်စာရင်းမှတ်ပုံတင်ခြင်း၊ မဲဆန္ဒရှင်အမည်စာရင်းမှတ်ပုံတင်ခြင်းအတွက် အချိန်ကာလအပိုင်းအခြား ကန့်သတ်ချက်များ၊ လေ့လာစောင့်ကြည့်သူများအတွက်ရယူလက်လှမ်းမီမှု၊ မဲပြားပုံနှိပ်ခြင်းနှင့် ရလဒ်အတည်ပြုခြင်း၏ ပွင့်လင်းမြင်သာမှု စသည်တို့ပါဝင်သည်။ ယင်းပြဿနာရပ်များသည် နည်းပညာပိုင်းဆိုင်ရာအချက်များပင်မဟုတ်ပဲ လုပ်ငန်းစဉ်၏သမာသမတ်ကျမှုအပြင်မဲဆန္ဒရှင်များနှင့် ရွေးကောက်ခံကိုယ်စားလှယ်လောင်းများ၏ အခွင့်အရေးများအပေါ် ဆန့်ကျင်သည့်ထိခိုက်သက်ရောက်မှုများရှိစေနိုင်သည်။ ရွေးကောက်ပွဲဆိုင်ရာစိန်ခေါ်မှုများ (မဲဆွယ်စည်းရုံးရေးစည်းမျဉ်းစည်းကမ်းများ၊ ဖြစ်နိုင်သည်မှာ မဲပြန်လည်ရေတွက်ခြင်းနှင့် ရွေးကောက်ပွဲအငြင်းပွားမှုများ ဖြေရှင်းဆောင်ရွက်ရေးယန္တရားများ) အား ကိုင်တွယ်ရန်ရှိထားသည့် မြန်မာနိုင်ငံရှိ စနစ်များမှာ အထူးအားနည်းပြီး ပိုမိုပြိုင်ဆိုင်မှုပြင်းထန်သော ရွေးကောက်ပွဲများအတွက် စမ်းသပ်လုပ်ဆောင်ထားခြင်းမရှိသေးပါ။ အရေးကြီး သည်မှာ UEC သည် ရွေးကောက်ပွဲနှင့်သက်ဆိုင်သည့် တိုင်ကြားမှုများနှင့် အယူခံမှုများအတွက် ခုံရုံးများဖွဲ့စည်းတည်ထောင်ပေးထားပြီး ရွေးကောက်ပွဲဆိုင်ရာ ပြဿနာများတွင် ကိုယ်တိုင်အကဲဖြတ်ဆုံးဖြတ်နေခြင်းဖြစ်ကာ UEC ၏ ဆုံးဖြတ်ချက်ကို အယူခံဝင်ရန် ဖြစ်နိုင်ချေမရှိပါ။[၉]

ရွေးကောက်ပွဲဆိုင်ရာ ဆက်စပ်ပါဝင်သက်ဆိုင်သူအမြောက်အများတို့သည် UEC အား ရွေးကောက်ပွဲနေ့အား ကြေညာသည့်နေ့နှင့် ရွေးကောက်ပွဲနေ့အကြား အဓိကစီမံအုပ်ချုပ်ရေးဆိုင်ရာအဆင့်များအတွက် အသေးစိတ်အချက်အလက်များနှင့် နောက်ဆုံးရက်သတ်မှတ်ချက်များကို ဖော်ပြထားသည့် ရွေးကောက်ပွဲဆိုင်ရာပြက္ခဒိန်တစ်ခုကို ထုတ်ပြန်ရန်မျှော်လင့်သည်။ ယင်းပြက္ခဒိန်မျိုးကို ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် ထုတ်ပြန်ပေးခဲ့ပြီး ပါဝင်သက်ဆိုင်သူအများစုတို့မှ ကျေးဇူးတင်ခဲ့သော်လည်း ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲအတွက်မူ ထုတ်ပြန်မပေးခဲ့ပါ။ UEC အတွင်း သတင်းအချက်အလက်ပေးသူများသည်လည်း ကော်မရှင်သည် လုပ်ငန်းစဉ်များနှင့် နောက်ဆုံးရက်သတ်မှတ်ချက်များနှင့်အညီ လိုအပ်သလို ပြောင်းလဲချိန်ညှိလုပ်ဆောင်နိုင်ရန်အတွက် ကော်မရှင်အတွင်းပိုင်း လုပ်ငန်းစီးဆင်းပုံအဆင့်အမျိုးမျိုးတို့ကိုလုပ်ဆောင်မည်ဟု ကြိုတင်မှန်းဆရသော်လည်း ၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲများအတွက် ရွေးကောက်ပွဲဆိုင်ရာပြက္ခဒိန်ကို အများပြည်သူသိအောင်ထုတ်ပြန်လိုခြင်းမရှိဖြစ်နိုင်သည်ဟု ဖော်ပြထားသည်။ သို့သော်လည်း ယင်းသို့သောပြက္ခဒိန်မရှိခြင်းသည် နိုင်ငံရေးအသင်းအဖွဲ့ပါတီများ၊ ရွေးကောက်ပွဲလေ့လာစောင့်ကြည့်သူများနှင့် အခြားဆက်စပ်ပါဝင်သက်ဆိုင်သူများမှ ရွေးကောက်ပွဲဆိုင်ရာပြင်ဆင်ချက်များအပေါ် နှောင့်နှေးကြန့်ကြာမှုများရှိ စေမည်မဟုတ်ပဲ မတရားတစ်ဖက်သက်နှင့် ဘက်လိုက်နိုင်သော UEC ဆုံးဖြတ်ချက်များကို သတိထားရှောင်ကြဉ်စေနိုင်မည်ဖြစ်သည်။

၉ Ibid.

*အကြံပြုချက်*
*UEC သည် ၎င်းအနေဖြင့် ၂၀၁၇ ခုနှစ်တွင် လုပ်ဆောင်ပေးခဲ့သည့် **ရွေးကောက်ပွဲပြက္ခဒိန်**ကို ထုတ်ပြန်ရန် အကြံပြုသည်။*

UEC နှင့် ဆက်စပ်ပါဝင်သက်ဆိုင်သူများအကြား စည်းဝေးတွေ့ဆုံခြင်းသည် ၂၀၁၅ ခုနှစ်တွင် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်၏ အရေးပါသောအစိတ်အပိုင်းတစ်ခုဖြစ်ခဲ့သည်။ ၂၀၁၉ ခုနှစ် ပထမနှစ်ဝက်တွင် ဥရောပသမဂ္ဂ ရွေးကောက်ပွဲနောက်ဆက်တွဲလေ့လာရေးမစ်ရှင်အဖွဲ့မှ လုပ်ဆောင်ချိန်တွင် UEC ၏ လုပ်ငန်းပိုင်း ပွင့်လင်းမြင်သာမှု မရှိကြောင်းနှင့် ဆက်စပ်ပါဝင်သက်ဆိုင်သူများနှင့် ပုံမှန်ဆက်သွယ်ဆက်ဆံရေးမရှိကြောင်း သိရှိရခြင်းသည် ၎င်း၏ စွမ်းဆောင်ချက်အတွင်း လိုအပ်ချက်များအပေါ် အဓိကကျသည့်အချက်ဖြစ်စေခဲ့ကြောင်းရှုမြင်ခဲ့သည်။ ဤအကဲဖြတ် ဆန်းစစ်ချက်အတွက် အမျိုးမျိုးသော အင်တာဗျူးဖြေဆိုသူမိတ်ဖက်များအနေဖြင့် COVID-19 ကူးစက်ပျံ့ပွားမှု အားလျော့နည်းရန် တားမြစ်ချက်များနှင့် ပေါင်းစည်းပြီး UEC နှင့် နိုင်ငံရေးအသင်းအဖွဲ့ပါတီများအပြင် အရပ်ဘက် လူထုတို့အကြားနှင့်လည်း ဆက်ဆံဖလှယ်မှုမရှိကြောင်း အပူတပြင်းပြောကြားခဲ့သည်။

*အကြံပြုချက်*
*UEC သည် ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များဆိုင်ရာ ဆက်သွယ်ဆက်ဆံရေးနှင့် သတင်းအချက်အလက်စီး ဆင်းမှု တိုးတက်ကောင်းမွန်စေရန်နှင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်တွင် ယုံကြည်မှုဆက်ရှိနေစေရန် နိုင်ငံရေး အသင်းအဖွဲ့ပါတီများနှင့် အရပ်ဘက်လူထုများနှင့် ပုံမှန်**ဆက်စပ်ပါဝင်သက်ဆိုင်သူများအစည်းအဝေးများ**ကို ကျင်းပရန်စဉ်းစားသင့်သည်။*

# ၂(ခ) မဲဆန္ဒရှင်အမည်စာရင်းမှတ်ပုံတင်ခြင်း

မြန်မာနိုင်ငံသည် ရှိပြီးသော လူဦးရေဒေတာအချက်အလက်များအပေါ်အခြေတည်၍ ပြုလုပ်သည့် သွယ်ဝိုက်နည်းဖြင့် မဲဆန္ဒရှင်အမည်စာရင်း မှတ်ပုံတင်သွင်းသည့်စနစ်ကို အသုံးပြုသည်။ ပြီးခဲ့သည့် အထွေထွေရွေးကောက်ပွဲများ အတွက် ၂၀၁၄ ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၅ ခုနှစ် ဇူလိုင်လအထိ UEC မြို့နယ် ကော်မရှင်အဖွဲ့ခွဲများသည် GAD နှင့် MoPI တို့၏ အိမ်ထောင်စုစာရင်းများနှင့် မှတ်တမ်းစာအုပ်များမှ အကျုံးဝင်သော မဲဆန္ဒရှင်ဒေတာအချက်အလက် များကို လျှပ်စစ်အခြေပြုစုပေါင်းဒေတာဘေ့စ်စနစ်အတွင်းသို့ ထည့်သွင်းခဲ့သည်။ ၎င်းသည် မြန်မာနိုင်ငံအတွင်း မဲဆန္ဒရှင်စာရင်းကို ကွန်ပျူတာစနစ်ဖြင့် ပထမဆုံးလုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ ကနဦးစာရင်းများသည် အလုံးစုံတိကျမှန်ကန်မှုမရှိကြောင်း ကျယ်ကျယ်ပြန့်ပြန့်အသိပေးခဲ့ပြီး မှတ်ပုံတင်သည့်လလုပ်ငန်းစဉ်အတွက် စိန်ခေါ်မှုများကို ဖြစ်ပေါ်စေခဲ့သည်။ မဲဆန္ဒရှင်အမည်စာရင်းများတွင် မတိကျမှုများသည် မဲဆန္ဒရှင်များ မဲပေးပိုင်ခွင့်ကိုဆုံးရှုံးစေခြင်း၊ နိုင်ငံရေးအဆန့်အကျင်ကတောက်ကဆများ၊ လိမ်လည်လှည့်ဖျားကြောင်း သို့မဟုတ် ရွေးကောက်ပွဲလုပ်ငန်းစဉ်ကို ယုံကြည်ကိုးစားနိုင်မှုမရှိအောင် ကြိုးစားကြောင်း စွပ်စွဲချက်များကို ဖြစ်ပေါ်စေနိုင်သည်။

UEC သည် မဲဆန္ဒရှင်စာရင်းများ အကျုံးဝင်ပါဝင်စေခြင်း၊ အမှန်ပြင်ဆင်ခြင်းနှင့် ဖျက်ခြင်းစသည်တို့ကို ခွင့်ပြုပေး သည့် ယန္တရားများနှင့်၊ မဲဆန္ဒနယ်များအကြား မဲဆန္ဒရှင်များကူးပြောင်းမှုတို့ကို ခွင့်ပြုပေးရန် ပြဋ္ဌာန်းချက်များကို ဖော်ဆောင်ခဲ့သည်။ ၂၀၁၅ ခုနှစ်ရွေးကောက်ပွဲများမတိုင်မီ ၂၀၁၅ ခုနှစ် မတ်လနှင့် အောက်တိုဘာလတို့တွင် စာရင်းကို ဥပဒေမှ လိုအပ်ကြောင်းထောက်ပြရန်မလိုပဲဖြည့်စွက်ရန်နှင့် အမှန်ပြင်ဆင်ရန် အများပြည်သူစိစစ် စစ်ဆေးခြင်း လေ့ကျင့်ခန်းအမြောက်အများတို့ကို ဆောင်ရွက်ခဲ့သည်။ မဲဆန္ဒရှင်များအနေဖြင့် ၎င်းတို့၏အမည် များကိုစစ်ဆေးရန်နှင့် အမှန်ပြုပြင်ရန် ဖြည့်စွက်ရန်များကိုတောင်းဆိုနိုင်ရန် စာရင်းများကို အများပြည်သူအကြား

ထုတ်ပြန်ပြသပေးခဲ့သည်။ ထုတ်ပြန်ပြသထားသည့်အချိန်ကာလအတောအတွင်း UEC သည် တိုင်းရင်းသားဘာသာစကား ၁၆ မျိုး တို့ဖြင့် လက်ကမ်းစာစောင်များနှင့် ပိုစတာများဖြင့် မြန်မာနိုင်ငံတစ်ဝှမ်း မဲဆန္ဒရှင် အသိပညာပေးကန်ပိန်းများပြုလုပ်ခဲ့သည်။ မဲဆန္ဒရှင်အမည်စာရင်းမှတ်ပုံတင်သည့် အရည်အသွေးနှင့် စပ်လျဉ်းပြီး မသေချာမှုများကျန်ရှိနေသော်ခဲ့သော်လည်း နောက်ဆုံးထွက်လာခဲ့သော မဲဆန္ဒရှင်များစာရင်းသည် မျှော်လင့်သည်ထက် ပိုမိုတိကျခဲ့ပြီး ရွေးကောက်ပွဲနေ့တွင် မဲလာရောက်မထည့်သည့် မဲဆန္ဒရှင်အရေအတွက် အနည်းအကျဉ်းသာရှိခဲ့ပြီး လွန်ခဲ့သောရွေးကောက်ပွဲများတွင်အသုံးပြုခဲ့သည့်စာရင်းများထက် ပိုမိုသိသာစွာ ကောင်းမွန်ခဲ့သောစာရင်းဖြစ်ခဲ့သည်။[၁၀]

UEC ၏ ဖော်ပြချက်အရ ၂၀၂၀ အထွေထွေရွေးကောက်ပွဲတွင် ပထမဆုံးအကြိမ်မဲပေးမည့် မဲဆန္ဒရှင်ပေါင်း ၅ သန်း အပါအဝင် မဲဆန္ဒရှင်ပေါင်း ၃၇ သန်းကျော်တို့သည် မဲပေးနိုင်ကြမည်ဖြစ်သည်။ ၂၀၂၀ အထွေထွေရွေးကောက်ပွဲများအတွက် မဲဆန္ဒရှင်အမည်စာရင်းမှတ်ပုံတင်ပြုစုပြင်ဆင်ရန် UEC သည် ၂၀၁၉ ခုနှစ် ဒုတိယနှစ်ဝက်ပိုင်းတွင် မဲဆန္ဒရှင်စာရင်းအသစ်များဖြည့်စွက်ပြင်ဆင်ရန် ညွှန်ကြားခဲ့ပြီးဖြစ်သည်။ သို့သော်လည်း ၂၀၁၅ နှင့်မတူပဲ ၎င်းသည် ဗဟိုပြု၊ ကွန်ပျူတာစနစ်ဖြင့်အမည်စာရင်းသွင်းသည့်စနစ်သို့ ဦးတည်လုပ်ဆောင်ပုံမရပဲ ကနဦးစာရင်းသည် တိုင်းနှင့် ပြည်နယ် သို့မဟုတ် မြို့နယ်များတွင်သာ အရည်အသွေးအမျိုးမျိုးဖြင့်ထုတ်သော ဒီဂျစ်တယ်စာရင်းစာရွက်များ အဖြစ်သာရှိနေဆဲဖြစ်သည်။ ဤအကဲဖြတ်ဆန်းစစ်ချက်ကိုပြုစုရေးသားချိန်တွင် UEC သည် စာရင်းအား ဗဟိုပြု ဖော်ဆောင်ရန် နည်းပညာပိုင်းဆိုင်ရာမိတ်ဖက်အဖွဲ့များနှင့် နည်းလမ်းများကို ရှာဖွေနေဆဲဖြစ်သည်။ UEC သည် အခြားအရာများအနက် မဲဆန္ဒရှင်စာရင်းအား အွန်လိုင်းမှတစ်ဆင့်ရှာဖွေနိုင်သည့် ရွေးချယ်မှုနည်းလမ်းကိုပေးနိုင်ရန် မိတ်ဖက်ပြီးစီစဉ်လုပ်ဆောင်သည့် နိုင်ငံတကာအထောက်အပံ့ပေးသည့်အဖွဲ့အစည်းများနှင့် ပူးပေါင်းလုပ်ဆောင်သည်။ သို့သော်လည်း ယင်းသို့လုပ်ဆောင်ရန်မှာ ဗဟိုပြုထားသောနှင့် ကွန်ပျူတာအခြေပြုဒေတာဘေ့စ်ပေါင်းစုစနစ်ကို လိုအပ်မည်ဖြစ်သည်။ COVID-19 အကြပ်အတည်းကြောင့် ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံတို့မှ ရွှေ့ပြောင်းအလုပ်သမားပေါင်း ၁၀၀,၀၀၀ ကျော်တို့ နေရပ်ပြန်လာကြကြောင်း အစီရင်ခံထားချက်များရှိသဖြင့် ၎င်းတို့ကို မဲဆန္ဒရှင်စာရင်းတွင် ထည့်သွင်းသင့်သည်။ မကြာသေးမီကပြန်လာသော ပြည်တော်ပြန်များကို စာရင်းထဲတွင် ထည့်သွင်းထားသည်ဟု အစီရင်ခံထားသော်လည်း COVID-19 ကြောင့် အများပြည်သူကြည့်ရှုရန်ကာလများကို အချိန်ယူမလုပ်ဆောင်သေးပါ။ UECသည် လူးသာလွန့်သာသောအနေအထားတစ်ခုဖြစ်အောင်ပြုလုပ်ပြီး အခြေအနေပေးသည်နှင့် မြို့နယ်အဆင့်မဲဆန္ဒရှင်စာရင်း အသစ်ဖြည့်စွက်ပြင်ဆင်ချက်များကို စီစဉ်လုပ်ဆောင်သင့်သည်။[၁၁]

*အကြံပြုချက်*

*UEC သည်* ***ဗဟိုပြုမဲဆန္ဒရှင်အမည်စာရင်း*** *ကိုဖော်ဆောင်ပြီး COVID-19 အခြေအနေအရ လှုပ်ရှားနိုင်သည်နှင့် တစ်ပြိုင်နက်* ***မဲဆန္ဒရှင်အမည်စာရင်းထုတ်ပြန်ပြသခြင်း****များကို လက်ခံလုပ်ဆောင်နိုင်သည်။ အများပြည်သူကြည့်ရှုနိုင်အောင် ထုတ်ပြန်ပြသခြင်းမရှိပါက မဲဆန္ဒရှင်များအနေဖြင့် ၎င်းတို့ ၏အမည်များကို စာရင်းတွင် စစ်ဆေးပြီး လိုအပ်ပါက ပြောင်းလဲမှုများတောင်းဆိုနိုင်သည့် မဲဆန္ဒရှင်အရေအတွက် အများနိုင်ဆုံးများအောင် လုပ်ဆောင်ရန်အတွက် မဲဆန္ဒရှင်စာရင်းအား အွန်လိုင်းမှတဆင့်ရှာဖွေနိုင်အောင် ကြိုးပမ်းလုပ်ဆောင်ချက်များကိုမြှင့်တင်ပြီး ယင်းရွေးချယ်မှုနည်းလမ်းကိုလည်း မြှင့်တင်နိုင်သည်။*

၁၀ EU EOM ၂၀၁၅ ခုနှစ်

၁၁ စာကိုရေးသားချိန်တွင် UEC သည် မဲဆန္ဒရှင်စာရင်းကို ဇူလိုင်လ ၂၅ ရက်နေ့မှစ၍ ပြသမည်ဟု ကြေညာလိုက်သည်

# ၃။ နိုင်ငံရေးအသင်းအဖွဲ့ ပါတီများနှင့် ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေး

## ၃(က) နိုင်ငံရေးအသင်းအဖွဲ့ ပါတီများ အကြောင်းအရာ အခြေအနေ

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၃၅၄ တွင် နိုင်ငံသားတိုင်းသည် အသင်းအဖွဲ့များနှင့် အဖွဲ့အစည်းများ ဖွဲ့စည်းပိုင်ခွင့်ကို ကျင့်သုံးနိုင်သည်ဟု ပြဌာန်းထားသည်။ အခန်း ၉ တွင် နိုင်ငံရေးအသင်းအဖွဲ့များတည်ရှိခြင်း အတွက် ပြဌာန်းထားသည်။ အပိုဒ် ၄၀၆ တွင်လည်း နိုင်ငံရေးအသင်းအဖွဲ့တစ်ခုသည် ရွေးကောက်ပွဲများတွင် လွတ်လပ်စွာကျင်းပခွင့်၊ ပါဝင်ခွင့်၊ ယှဉ်ပြိုင်ခွင့်ရှိသည်ဟု ထပ်မံပြဌာန်းထားသည်။ အပိုဒ် ၄၀၇ တွင် အသင်းအဖွဲ့များသည် နိုင်ငံခြားအစိုးရ သို့မဟုတ် ဘာသာရေးအသင်းအဖွဲ့များမှ အထောက်အပံ့များကိုလက်ခံရရှိပါက သို့မဟုတ် နိုင်ငံရေးအကြောင်းများအတွက် ဘာသာရေးကိုအလွဲသုံးစားပြုပါက ၎င်းတို့၏မှတ်ပုံတင်ပိုင်ခွင့်ဆုံးရှုံးမည်ဖြစ်ကြောင်း ပြဌာန်းထားသည်။ အပိုဒ် ၄၀၈ တွင်မူ နိုင်ငံရေးပါတီသည် စာရင်းပြုစုဖော်ပြထားသော တားမြစ်ချက်များကိုချိုးဖောက်ပါက ၎င်းတို့၏မှတ်ပုံတင်ကို "ရုတ်သိမ်းခံရမည်"ဖြစ်ကြောင်းပြဌာန်းထားသည်။ ပါတီများသည် ၎င်းတို့၏ အသင်းဝင်အတွင်း ဥပမာအားဖြင့် တရားမဝင်အသင်းအဖွဲ့များမှ အဆက်အစပ်ရှိသည့် အဖွဲ့ဝင်များ သို့မဟုတ် မူးယစ်ဆေးဝါးများနှင့် ပတ်သက်သည့်သူများပါဝင်လျှင် ၎င်းတို့၏ အသင်းအဖွဲ့မှတ်ပုံတင်ဆုံးရှုံးရမည်ဖြစ်သည်။ ၂၀၁၀ ခုနှစ် နိုင်ငံရေးအသင်းအဖွဲ့ပါတီများမှတ်ပုံတင်ရေးအက်ဥပဒေသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပြဌာန်းချက်များကို အကျယ်တဝင့်ထပ်မံပြဌာန်းထားသည်။[၁၂]

နိုင်ငံရေးအသင်းအဖွဲ့ပါတီပေါင်း ၉၇ ဖွဲ့တို့သည် UEC နှင့် မှတ်ပုံတင်ထားပြီး ရွေးကောက်ခံ ကိုယ်စားလှယ်ပေါင်းထောင်နှင့်ချီ၍ ရွေးကောက်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ရန် မျှော်လင့်ရသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) သည် အထင်ကရအဖြစ်ဆုံးအဖွဲ့ဖြစ်ပြီး ယခင်စစ်ဘက်ဆိုင်ရာကျောထောက်နောက်ခံရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ (USDP) အပြင် တိုင်းရင်းသားနိုင်ငံရေးအသင်းအဖွဲ့ပါတီများနှင့် ဗမာနိုင်ငံရေးပါတီအမည်ရ ပါတီအသစ်များလည်းပါဝင်သည်။

လွန်ခဲ့သည့် ၂၀၁၅ အထွေထွေရွေးကောက်ပွဲကတည်းက နိုင်ငံရေးအသင်းအဖွဲ့များအနေအထားသည် အဆင့်တစ်ခုအထိ ပြောင်းလဲလာခဲ့သည်။ ဗမာလူမျိုးအများစုရှိဒေသများတွင် ရွေးကောက်ပွဲ ယှဉ်ပြိုင်ရန်မျှော်လင့်ရသည့် နိုင်ငံရေးအသင်းအဖွဲ့ပါတီများအနက် NLD နှင့် USDP အပြင် ပြည်သူ့ပါတီ (PP) နှင့် ပြည်သူ့ရှေ့ဆောင်ပါတီ (PPP)၊ အမျိုးသားနိုင်ငံရေးဒီမိုကရက်တစ်ပါတီ (DNP) နှင့် ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ (UBP) စသည့် အဖွဲ့အသစ်များလည်းပါဝင်သည်။ တိုင်းရင်းသားပြည်နယ်များတွင် NLD သည် ယင်းအချိန်ကတည်းက အချို့သော တိုင်းရင်းသားအုပ်စုများအတွက် ရွေးချယ်စရာ ပြည်နယ်အခြေပြု တစ်ခုတည်းသောအသင်းအဖွဲ့ပါတီများအဖြစ် အခိုင်အမာ ဖြစ်လာခဲ့သည့် တိုင်းရင်းသားပါတီအသစ်များ၏ စိန်ခေါ်မှုနှင့် ကြုံရမည်ဖြစ်သည်။ ၂၀၁၅ ခုနှစ်တွင် တိုင်းရင်းသားမဲများသည် ယင်းအချိန်တွင် စုစုစည်းစည်းနှင့် တိုင်းရင်းသားပါတီဟူ၍ တစ်ခုတည်းသော (ယာယီ)

၁၂ Ibid

ရခိုင်အမျိုးသားပါတီ (ANP) တစ်ခုသာရှိခဲ့သည့် ရခိုင်ပြည်နယ်တွင်မှလွဲ၍ ကျန်တိုင်းရင်းသားပြည်နယ်များတွင် အမျိုးမျိုးသောအသင်းအဖွဲ့ပါတီများထံသို့ မဲကွဲသွားခဲ့သည်။ ၂၀၂၀ ခုနှစ်တွင်မူ အခြေအနေမှာ ပြောင်းပြန်ဖြစ်သွားကာ ANP သည်လည်း အဖွဲ့ကွဲသွားပြီး တိုင်းရင်းသားပါတီများတွင် ချင်း၊ ကချင်၊ ကယား၊ ကရင်နှင့် မွန်များရှိ တိုင်းရင်းသားပါတီများမှာ ပူးပေါင်းပြီးထွက်ပေါ်လာသည်။[၁၃] အစီရင်ခံရှိချက်အရ ယင်းပါတီအသစ်များသည် ဖဒရယ်လ်စနစ်သို့အလားတူ ချဉ်းကပ်မှုများနှင့် ဆက်စပ်နေခြင်းဖြစ်သည်။[၁၄] ရှမ်းတိုင်းရင်းသားများနှင့်ဆက်နွယ်သည့် နိုင်ငံရေးပါတီနှစ်ခုဖြစ်သည့် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်(SNLD) နှင့် ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစပါတီ (SNDP) တို့မှာမူ မပူးပေါင်းပဲသီးခြားဖြစ်နေဆဲဖြစ်သည်။

# ၃(ခ) နိုင်ငံရေးအသင်းအဖွဲ့ပါတီနှင့် ရွေးကောက်ခံ ကိုယ်စားလှယ်အမည်စာရင်းမှတ်ပုံတင်သွင်းခြင်း

UEC သည် နိုင်ငံရေးပါတီအဖွဲ့များအား မှတ်ပုံတင်ရေး၊ ဆိုင်းငံ့ရေး သို့မဟုတ် မှတ်ပုံတင်ပယ်ဖျက်ရေးတို့အတွက် အခွင့်အာဏာအပြည့်အဝရှိသည်။ UEC၏ဆုံးဖြတ်ချက်သည် နောက်ဆုံး၊ အဆုံးသတ်ဖြစ်ပြီး ၎င်း၏လုပ်ဆောင်ချက်များကို ပြန်လည်သုံးသပ်ရန်မှာလည်း UEC တွင် ခိုင်လုံသောနှင့် ပြည့်ဝသောအခွင့်အာဏာရှိသည်။ နှိုင်းယှဉ်ရန်မှာ ၂၀၁၅ ခုနှစ်တွင် UEC သည် ရွေးကောက်ခံကိုယ်စားလှယ်ပေါင်း ၆,၀၇၄ ဦးတို့ကို အတည်ပြုခဲ့ကာ နိုင်ငံရေးပါတီပေါင်း ၉၁ ခုတို့နှင့် တစ်သီးပုဂ္ဂလရွေးကောက်ခံကိုယ်စားလှယ် ၃၁၉ ဦးတို့ ပါဝင်ခဲ့သည်။ ၎င်းတို့အနက် ၁,၇၄၅ တို့သည် ပြည်သူ့လွှတ်တော်အတွက် ရွေးကောက်ခံယှဉ်ပြိုင်ခြင်းဖြစ်ပြီး ၈၈၆ ဦးတို့မှာ အမျိုးသားလွှတ်တော်အတွက် ရွေးကောက်ခံယှဉ်ပြိုင်ခြင်းဖြစ်ကာ ၃,၂၈၂ တို့မှ တိုင်း/ပြည်နယ်လွှတ်တော်များအတွက် ရွေးကောက်ခံခြင်းဖြစ်ပြီး ၁၆၁ ဦးတို့မှာ တိုင်းရင်းသားရေးရာဝန်ကြီး ၂၉ နေရာတို့အတွက် ရွေးကောက်ခံယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။[၁၅]

နိုင်ငံရေးအသင်းအဖွဲ့ပါတီများအား မှတ်ပုံတင်ပေးသည့်မှုဘောင်နှင့် ရွေးကောက်ခံကိုယ်စားလှယ်အမည်စာရင်းတင်သွင်းခြင်းကို စီမံခန့်ခွဲသည့် လုပ်ငန်းစဉ်တို့နှင့် စပ်လျဉ်း၍ စိုးရိမ်မှုများရှိကြသည်။ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲများအတွက် အမည်စာရင်းပေါင်း ၆,၁၀၀ တို့ တင်သွင်းခဲ့ပြီး ၇၅ ဦးတို့မှာ ပယ်ချခဲ့ရသည်။ ပယ်ချခံခဲ့ရမှုများသည် ယခင်ရွေးကောက်ပွဲများတွင် ကျင့်သုံးခဲ့သော နိုင်ငံသားဖြစ်မှုစံလိုအပ်ချက်အား ပိုမိုတင်းကြပ်သော အဓိပ္ပာယ်ပြန်ဆိုချက်ကို အများအပြားအရေးယူဆောင်ရွက်ချက်၏ ရလဒ်ကြောင့်ဖြစ်ခဲ့သည်။ ရွေးကောက်ခံကိုယ်စားလှယ်လောင်းများအား ကန့်ကွက်ပယ်ချခြင်းသည် ရခိုင်ပြည်နယ်မှ ရိုဟင်ဂျာကိုယ်စားလှယ်လောင်းများအပါအဝင် မူစလင်ရွေးကောက်ခံကိုယ်စားလှယ်များအပေါ်အထူးထိခိုက်မှုကြီးကြီးမားမားရှိခဲ့သည်။ မဲမပေးမီအကြိုကတည်းက မူစလင်ဆန့်ကျင်သည့် စိတ်သဘောထားများနှင့် ရိုဟင်ဂျာမဲဆန္ဒရှင်များအများစု မဲပေးခွင့်ဆုံးရှုံးခြင်းများ တိုးပွားလာခြင်းအားဖြင့် နိုင်ငံ့လွှတ်တော်သည် ၎င်း၏လွှတ်လပ်ရေးရပြီးနောက်ပိုင်း မူစလင်ယုံကြည်မှုရှိသည့် ကိုယ်စားလှယ်တစ်ဦးတစ်ယောက်မျှ ပါဝင်လာခဲ့ခြင်းမရှိပါ။[၁၆]

၁၃ တိုင်းရင်းသားနိုင်ငံရေးပါတီအသစ်များမှာ ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (CNLD)၊ ချင်းပြည်နယ် ပြည်သူ့ပါတီ (KSPP)၊ ကရင်အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (KNDP)၊ ကယားပြည်နယ်ဒီမိုကရေတစ်ပါတီ (KySDP)၊ မွန်ညီညွတ်ရေးပါတီ (MUP)၊ 'ဝ' အမျိုးသားပါတီ (WNP) တို့ဖြစ်သည်။

၁၄ စုမွန်သန့် ၂၀၂၀

၁၅ EU EOM ၂၀၁၅ ခုနှစ်

၁၆ Ibid.

၂၀၂၀ ခုနှစ် ရွေးကောက်ပွဲများအတွက UEC နှင့် ရွေးကောက်ခံကိုယ်စားလှယ်လောင်းအမည်စာရင်း မှတ်ပုံတင်ခြင်းသည် ဇူလိုင်လကုန်ပိုင်း/ ဩဂုတ်လအစောပိုင်း တွင်ပြုလုပ်မည်ဟု မျှော်မှန်းရသော်လည်း နိုင်ငံရေးပါတီများသည် ၎င်းတို့အတွင်းပိုင်း၌ ရွေးကောက်ခံယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းများကို စတင်ရွေးချယ်နေပြီဖြစ်သည်။ သတင်းရရှိချက်အရ နိုင်ငံရေးပါတီပေါင်း ၇၉ ခုတို့သည် နိုင်ငံတစ်ဝှမ်းရွေးကောက်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသော်လည်း NLD ၏ ကိုယ်စားလှယ်အဖြစ် ရပ်တည်ခြင်းကသာလျှင် လွှတ်တော်ကို ဝင်ရောက်နိုင်ချေရှိသည့် လမ်းကြောင်းတစ်ခုအဖြစ် ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားထားကြသည်။ ၂၀၁၅ ခုနှစ်တွင် NLD ၏ ရွေးကောက်ပွဲအကြိုမဲဆွယ်စည်းရုံးရေးအပေါ် ဒေသခံများ၏လိုလားချက်များကို အမြဲထည့်သွင်းမစဉ်းစားသည့် အနာဂါတ်လွှတ်တော်ကိုယ်စားလှယ်များကိုရွေးချယ်ရန် ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ဆုံးဖြတ်ချက်များက လွှမ်းမိုးခဲ့ပြီး အထင်ကရဖြစ်သောလူပုဂ္ဂိုလ်အချို့ကျန်ရှိခဲ့သည်။ ၂၀၂၀ ခုနှစ် ဖွန်လတွင်မှ NLD သည် ကိုယ်စားလှယ်လောင်းရွေးချယ်ရန်အတွက် ဒေသခံလူကြီးသူမများပါဝင်သည့် ဆုံးဖြတ်ချက်ချမှတ်သည့်လုပ်ငန်းစဉ်ကို ထည့်သွင်းလုပ်ဆောင်ခဲ့ကြောင်းသိရသည်။

လူအမြောက်အများတို့သည် စစ်အုပ်ချုပ်ရေးခေတ်ကတည်းက တရားဝင်အာဏာပိုင်လုပ်ငန်းများအတွက် သက်သေများအဖြစ်ဆောင်ရွက်သည့်နှင့် ဒေသတွင်းရွေးကောက်ပွဲများတွင် တစ်ခန်းတစ်ကဏ္ဍ ပါဝင်လုပ်ဆောင်သည့် လေးစားရသော မြို့ခံလူကြီးသူမ၊ရပ်မိရပ်ဖများနှင့် ပေါင်းသင်းဆက်ဆံကြသည်။ NLD ၏ ရွေးကောက်ခံကိုယ်စားလှယ်လောင်းရွေးချယ်သည့်လုပ်ငန်းစဉ်အတွင်း ၎င်းတို့ပါဝင်ပတ်သက်ခြင်းသည်အခြားနိုင်ငံရေးလှုပ်ရှားသူများအတွက် ခြေချင်းယှဉ်ရန် ကစားကွင်းအား ပျက်ပြားစေသည်ဟု အတိုက်အခံ ကိုယ်စားလှယ်လောင်းများမှ ဝေဖန်မှုများရှိသည်။[၁၇] ဒေါ်အောင်ဆန်းစုကြည်သည် သူမကိုယ်တိုင် ရန်ကုန်တိုင်းဒေသအတွင်း ကော့မှူးမြို့နယ် ကိုယ်စားလှယ်လောင်းအဖြစ် အထင်ကရဖြစ်ခဲ့ဖူးပြီး အချို့သောသတင်းမီဒီယာ အစီရင်ခံဖော်ပြချက်များအရ လွှတ်တော်ကို ထပ်မံယှဉ်ပြိုင်မည်မဟုတ်ကြောင်း ဆိုသည်။[၁၈] လာမည့် အစိုးရတွင် အလုပ်အမှုဆောင်တာဝန်ကို ယူရန်မှာ သူမအနေဖြင့် ပြည်ထောင်စုလွှတ်တော်အတွင်း နေရာတစ်နေရာ ကြိုတင်အနိုင်ရရှိရန်မလိုအပ်ပါ။

# ၃(ဂ) မဲဆွယ်စည်းရုံးရေး စည်းမျဉ်းစည်းကမ်းများ

၂၀ဝ၈ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် -ရွေးကောက်ပွဲအနေအထားများတွင် အထူးအရေးပါသည့် အခွင့် အရေးများဖြစ်သည့် - အသင်းအဖွဲ့လွတ်လပ်စွာဖွဲ့စည်းခွင့်၊ လွတ်လပ်စွာ စီတန်းလှည့်လည်ခွင့်နှင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်တို့ကို အားနည်းစေသည့် ကန့်သတ်ပြဋ္ဌာန်းချက်များ ပါဝင်သည်။ ကန့်သတ်ထားသောဥပဒေများတွင် ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်အက်ဥပဒေ၊ မြန်မာနိုင်ငံအစိုးရလျှို့ဝှက်ချက်များအက်ဥပဒေ၊ တရားမဝင်အသင်းအဖွဲ့အက်ဥပဒေ နှင့် အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးအက်ဥပဒေ စသည်တို့ပါဝင်သည်။

၂၀၁၅ ခုနှစ်တွင် လူ့အခွင့်အရေးများကိုဖိနှိပ်ခြင်းသည် ရွေးကောက်ပွဲမဲဆွယ်စည်းရုံးရေးများအပေါ် ထိခိုက်သက်ရောက်မှုရှိသည်ဟု အရပ်ဘက်လူထုအကြား အများအပြားသဘောတူလက်ခံမှုများရှိခဲ့သည်။ UEC သည် မဲဆွယ်စည်းရုံးရေးကို စည်းမျဉ်းစည်းကမ်းထိန်းသိမ်းချမှတ်သည့် ၂၀၁၄ ခုနှစ်၏ ညွှန်ကြားချက်အမိန့်စာ ၁ ကို ထုတ်ပြန်ခဲ့သည်။ မဲဆွယ်စည်းရုံးရေး လှုပ်ရှားမှုပုံစံ ၄ ရပ်ကို ဖော်ပြခဲ့သည် - သတ်မှတ်ထားသောနေရာတစ်ခုတွင် မဲဆွယ်စည်းရုံးရေးအခမ်းအနားများကျင်းပခြင်း၊ ရွှေ့လျားချီတက်ခြင်း၊ သတင်းမီဒီယာမှတစ်ဆင့်ထုတ်လွှင့်ခြင်းနှင့်

၁၇ ရည်မွန် ၂၀၂၀ ခုနှစ်
၁၈ Ibid.

စာပေပစ္စည်းကိရိယာများ ထုတ်ပြန်ဖြန့်ဝေခြင်းတို့ဖြစ်သည်။ ရွေးကောက်ခံကိုယ်စားလှယ်အဖြစ် အတည်ပြုခံရပြီး ၁၅ရက်အတွင်း ရွေးကောက်ခံကိုယ်စားလှယ်သည် မဲဆွယ်စည်းရုံးရေးလုပ်ငန်းစဉ်များကိုလုပ်ဆောင်ရန် ခွင့်ပြုမိန့်ကို သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲထံတွင် လျှောက်ထားရသည်။ စီတန်းလှည့်လည်ခြင်းအတွက် နေရာများ၊ ရွေ့လျားမဲဆွယ်စည်းရုံးရေးအတွက် သွားရောက်မည့်နေရာများစသည့် အသေးစိတ်အစီအစဉ်တို့ကို တင်ပြရမည်ဖြစ်ပြီး လုပ်ငန်းစဉ်များအားလုံးအတွက် အတည်ပြုခွင့်ပြုမိန့်ကို ကြိုတင်ရယူရမည်ဖြစ်သည်။ သို့သော်လည်း ရွေးကောက်ပွဲအာဏာပိုင်များသည် ၂၀၁၅ ခုနှစ်တွင် အသိပေးအကြောင်းကြားရန်လိုအပ်ချက်များအပေါ် ယေဘုယျအားဖြင့် ပိုမိုဖြေလျှော့သော ချဉ်းကပ်နည်းကို ကျင့်သုံးခဲ့သည်။ ခြုံငုံကြည့်လျှင် မဲဆွယ်စည်းရုံးရေးကာလအတောအတွင်း လေ့လာစောင့်ကြည့်သည့်နှင့် စည်းကြပ်သည့် အခွင့်အာဏာမရှိခြင်းသည် ဥပဒေရေးရာမူဘောင်၏ အားနည်းချတ်ယွင်းချက်ဖြစ်နေသည်။[19] ၎င်းကို ၂၀၂၀ ခုနှစ်တွင် မည်သို့ကိုင်တွယ်ဖြေရှင်းမည်ကိုမူ စောင့်ကြည့်ရမည်ဖြစ်သည်။

ဤအကဲဖြတ်ဆန်းစစ်ချက်ကို ရေးသားချိန်တွင် မြန်မာနိုင်ငံသည် COVID-19 ကူးစက်ပျံ့ပွားမှုကို ကာကွယ်ရန်အတွက် နေရာဒေသအသွားအလာယာယီကန့်သတ်ချက်အချို့တို့ကို လုပ်ဆောင်ထားသည်။ ၎င်းတို့တွင် အများပြည်သူနေရာများတွင် လူ ၅ ဦးထက်ပို၍မစုရန်တားမြစ်ခြင်း၊ နိုင်ငံအတွင်း ခရီးသွားလာမှုကိုကန့်သတ်ခြင်းနှင့် အုပ်ချုပ်ရေးဌာနတစ်ခုနှင့်တစ်ခုမတူကွဲပြားနိုင်သည့် အသွားအလာကန့်သတ်စောင့်ကြည့်သည့် စည်းမျဉ်းစည်းကမ်းများချမှတ်ခြင်း စသည်တို့ ပါဝင်သည်။ စစ်မှန်သောမဲဆွယ်စည်းရုံးရေးကို ၂၀၂၀ ရွေးကောက်ပွဲများမတိုင်မီ ကျင်းပနိုင်ခြင်းရှိမရှိမှာ ယင်းကန့်သတ်ချက်များ ဆက်လက်အသက်ဝင်နေဆဲရှိမရှိနှင့် ယင်းသို့သောတားမြစ်ကန့်သတ်ချက်များကို ကူးစက်မြန်ကပ်ရောဂါစံသတ်မှတ်ချက်အောက် အကြောင်းအရင်းခိုင်လုံသောလုပ်ဆောင်ချက်အဖြစ် စဉ်းစားသတ်မှတ်ခြင်းရှိမရှိ စသည်တို့အပေါ်တွင် မူတည်မည်ဖြစ်သည်။

ဤအကဲဖြတ်ဆန်းစစ်ချက်အတွက် အင်တာဗျူးဖြေဆိုခဲ့သည့် အချို့မိတ်ဖက်များအနေဖြင့် လွတ်လပ်စွာရွေ့လျားသွားလာခွင့်နှင့် စုဝေးစီတန်းခွင့်တို့ကို ပိုမိုရှည်ကြာစွာကန့်သတ်ထားလေလေ NLD အတွက် ပိုမိုအကျိုးဖြစ်ထွန်းလေလေဖြစ်မည်ဟု ဆိုသည်။ လက်ရှိအစိုးရဖြစ်သည့် NLD သည် ကျန်းမာရေးအကြပ်အတည်းအား တုံ့ပြန်ဆောင်ရွက်သူအဖြစ် အများကအမြင်ကိုလက်ခံရရှိထားပြီးဖြစ်သည်။ “အမေစု” သည် သူမ၏ ဖေ့စ်ဘုတ် စာမျက်နှာမှတစ်ဆင့် အများအပြားလုပ်ဆောင်ခြင်းအပါအဝင် ယင်းတုံ့ပြန်ဆောင်ရွက်မှု၏ မျက်နှာဖုံးရှင်ဖြစ်လာခဲ့ပြီး အခြားသောနိုင်ငံရေးသမားများမှာ လှူဒါန်းခြင်းအပါအဝင်စသည်တို့မှတစ်ဆင့် ကပ်ရောဂါဆန့်ကျင်ရေးဆောင်ရွက်ချက်များတွင် သိသာမြင်သာရှိကြသည်။ တရားဝင်မဲဆွယ်စည်းရုံးရေးကာလသည် ရွေးကောက်ပွဲရက်မတိုင်မီအချိန်နှစ်လအကြိုအထိဟုဆိုသော်လည်း ပြောရေးဆိုခွင့်ရှိသူများမှ အချို့နိုင်ငံရေးပါတီများသိသာသည်မှာ NLD၊ USDP နှင့် UBP တို့မှာ၊ အထူးသဖြင့် အွန်လိုင်းနှင့် ဖေ့စ်ဘုတ်ပေါ်တွင် သိသာမြင်သာမှုတိုးများလာစေခြင်းမှတဆင့် မဲဆွယ်စည်းရုံးရေးကို စတင်လုပ်ဆောင်နေပြီဟုဆိုသည်။ အစိုးရအသင်းအဖွဲ့ပါတီအား အခြားပါတီများထက် စောစီးစွာမဲဆွယ်စည်းရုံးခွင့်ကို ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်များတွင် ခွင့်ပြုထားမထား ရှင်းလင်းမှုမရှိဖြစ်သည်။[20] တိုင်းရင်းသားပါတီများသည် ပိုမိုနည်းပါးသောအတိုင်းအတာတစ်ခုအထိ မဲဆွယ်စည်းရုံးရေးလုပ်ဆောင်သည်ကို မတွေ့ရသေးပဲ ဘဏ္ဍာရေးရာလိုအပ်ချက်များရယူနိုင်မှုအမျိုးမျိုးတို့နှင့် သက်ဆိုင်နိုင်ချေရှိသည်။

၂၀၁၅ ခုနှစ်ကနှင့်ဆင်တူစွာပင် နိုင်ငံရေးပါတီများသည် လာမည့်ရွေးကောက်ပွဲများမတိုင်မီကြိုတင်၍ နိုင်ငံရေးအသင်းအဖွဲ့ပါတီများအတွက် ကျင့်ဝတ်များ (Code of Conduct – CoC) ကို လက်မှတ်ရေးထိုးရန်သဘောတူညီပြီးဖြစ်သည်။ ကျင့်ဝတ်အသစ်များအပေါ် သဘောတူညီရန် ညှိနှိုင်းချက်များကို ၂၀၁၉ ခုနှစ်တွင် စတင်လုပ်ဆောင်ခဲ့

၁၉ EU EOM ၂၀၁၅ ခုနှစ်
၂၀ အိအိတိုးလွင် ၂၀၂၀ ခုနှစ်

သည်။ ၂၀၁၅ ခုနှစ်တွင်ထုတ်ပြန်ခဲ့သော ကျင့်ဝတ်များကို အချို့နေရာများတွင် ဖြည့်စွက်ပြင်ဆင်ထားသည်။ ဥပမာ - တိုင်းနှင့်ပြည်နယ်အဆင့်များတွင် ရွေး ကောက်ပွဲအကြို အငြင်းပွားမှုများကို ဖြေရှင်းရာတွင် UEC ၏ ညှိနှိုင်းဖြန် ဖြေရေးကော်မတီများ၏ အခန်းကဏ္ဍအပေါ် ပိုမိုအရေးပါစေခြင်း၊ အွန်လိုင်းမဲဆွယ်စည်းရုံးရေးနှင့် ပတ်သက်သည့် အချက်များ စသည်တို့ဖြစ်သည်။ ဆွေးနွေးချက်များကို သကြံန်မတိုင်ခင်အပြီးပြုလုပ်ရန် မျှော်မှန်းထားသော်လည်း COVID-19 ကြောင့် နှောင့်နှေးကြန့်ကြာခဲ့သည်။ ကျင့်ဝတ်အသစ်ကို ဇွန်လ ၂၆ ရက်နေ့တွင် UEC မှ သဘာပတိအဖြစ် ဆောင်ရွက်သောအခမ်းအနားတွင် လက်မှတ်ရေးထိုးခဲ့ကြသည်။ သို့သော်လည်း အချို့ပါတီပေါင်း ၃၀ တို့သည် ပါတီများအကြား ၎င်း၏ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ အသံမတူကွဲလွဲမှုများရှိကြောင်းနှင့် ပါတီများသည် NLD ၏ လွှမ်းမိုးမှုကိုလက်မခံပဲ ကျင့်ဝတ်ကိုရော UEC ကိုပါ ဝေဖန်ရန်အခွင့်အလမ်းများကို တောင်းဆိုလိုသည်ဟူ၍ ကျင့်ဝတ်ကိုလက်မှတ်ရေးထိုးရာတွင်မပါဝင်ခဲ့ပါ။ CoC ကျင့်ဝတ်သည် ခိုင်မာသည့်တားမြစ်ပိတ်ဆို့ရေးယန္တရား အပြင် ယင်းကို တိုင်းနှင့်ပြည်နယ်အဆင့်များတွင် သိမြင်နိုးကြားလုပ်ဆောင်မှုမြှင့်တင်ရန် အတူယှဉ်တွဲထားသည့် အခြေဖြန့်ကျက်ရောက်ရှိရေးကိရိယာများလည်း မပါဝင်ပါ။ ၎င်းကျင့်ဝတ်ကို မြှင့်တင်ပေးပြီး တက်တက်ကြွကြွ အသုံးပြုကာ သတင်းမီဒီယာများမှလည်း သိရှိအောင်လုပ်ဆောင်ထားမှသာ အကျိုးရှိထိရောက်နိုင်မည်ဖြစ်ပြီး မဲဆွယ်စည်းရုံးရေး၏ မျှမျှတတဖြစ်မှုအပေါ် သက်ရောက်မှု ရှိစေမည်ဖြစ်သည်။ ၎င်းကို နိုင်ငံတကာလုပ်ဆောင် သူများမှ အထောက်အပံ့ပေးနိုင်ပြီး ပြည်တွင်းဆက်စပ်ပါဝင်သက်ဆိုင်သူများမှ ထောက်ခံလုပ်ဆောင်နိုင်သည်။

# ၃(ဃ) မဲဆွယ်စည်းရုံးမှု ဘဏ္ဍာရေး

မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲဆိုင်ရာမူဘောင်သည် မဲဆွယ်စည်းရုံးမှုဘဏ္ဍာရေးအတွက် အစောပိုင်းထိန်းချုပ် ကန့်သတ်သောစနစ် ပါဝင်သည်။ ရွေးကောက်ခံကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံးရေးအသုံးစရိတ်များကို ကျပ်သိန်းတစ်ရာ (ယူရို ၇,၆၀၀ ကျော်) အထိ ကန့်သတ်ထားသည်။ ယင်းစုစုပေါင်းပမာဏသည် လိုအပ်သည်ထက်ပင် ပိုသည့်ပမာဏဖြစ်သည်ဟုသတ်မှတ်ပြီး အချို့သောဖြစ်စဉ်များတွင် ပါတီနှင့် ရွေးကောက်ခံကိုယ်စားလှယ်အများစု တို့သည် ယင်းပမာဏသို့မရောက်နိုင်သော်လည်း NLD၊ USDP နှင့် ချမ်းသာသောအလှူရှင်များရှိသည့် အခြားပါတီ အနည်းငယ်တို့မှာမူ ယင်းအသုံးစရိတ်သို့ရောက်နိုင်သည်။

ရွေးကောက်ခံကိုယ်စားလှယ်လောင်းများသည် မဲဆွယ်စည်းရုံးရေးအသုံးစရိတ်များ၏ အသေးစိတ်မှတ်တမ်းများကို ရွေးကောက်ခံရကြောင်းကြေညာပြီး ရက်ပေါင်း ၃၀ အတွင်း တင်ပြရမည်။ ပစ္စည်းအမျိုးအစားအလိုက် လှူဒါန်းမှု များသည် တစ်သီးပုဂ္ဂလရွေးကောက်ခံကိုယ်စားလှယ်များ၏ အသုံးစရိတ်အစီရင်ခံစာများထဲပါဝင်ရမည့် အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ရွေးကောက်ခံကိုယ်စားလှယ်များသည် ၎င်းတို့ကိုယ်စား ပါတီမှ အသုံးစရိတ်များကို ကြေညာပေးရမည်ဖြစ်ပြီး ပါတီများအတွက်မူ ၎င်းတို့၏မဲဆွယ်စည်းရုံးရေးအသုံးစရိတ်များကို ကြေညာရန်မ လိုအပ်ပါ။ ပါတီများ၏ လိုက်နာရန်တာဝန်ရှိမှုမှာ နှစ်စဉ်စာရင်းတင်ပြရန်ဖြစ်သည်။ ရွေးကောက်ခံကိုယ်စားလှယ် လောင်းများသည် ရွေးကောက်ပွဲအသုံးစရိတ်များ၏ စာရင်းကိုတင်ပြရန်ပျက်ကွက်မှုကြောင့် အရည်အချင်းမပြည့်မီ ဟု ထုတ်ပယ်ခံရနိုင်ပြီး သတ်မှတ်ထားသော ပမာဏထက်အသုံးစရိတ်ပိုများခြင်းသည် ရွေးကောက်ပွဲရလဒ် သဘောမတူဟု လက်မှတ်ရေးထိုးဆန္ဒပြုစိန်ခေါ်သည့် ရလဒ်များ၏အခြေလည်းဖြစ်စေနိုင်သည်။ ၂၀၁၅ ခုနှစ်တွင် မဲဆွယ်စည်းရုံးမှု ဘဏ္ဍာရေးပြဿနာရပ်များကြောင့် အရည်အချင်းမပြည့်မီဟု တင်ပြသည့်အကြံပြုချက်များရှိခဲ့ သော်လည်း ၎င်းတို့အနက်မည်သူမျှ ရွေးကောက်ခံရခြင်းမရှိသဖြင့် မဲနေရာကို အထိအခိုက်မရှိစေခဲ့ပါ။[၂၁]

၂၁ EU EOM ၂၀၁၅ ခုနှစ်၊ TCC EOM ၂၀၁၆ ခုနှစ်

မဲဆွယ်စည်းရုံးရေးဘဏ္ဍာရေးစည်းမျဉ်းများသည် ယေဘုယျအားဖြင့် အားနည်းပြီး မဲဆွယ်စည်းရုံးရေးဝင်ငွေနှင့် အသုံးစရိတ်များကို စောင့်ကြပ်ကြည့်ရှုမည့် လုံလောက်သောယန္တရားမရှိခြင်းက ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု၊ တာဝန်ခံမှုမရှိ ဖြစ်စေသည်။ UEC ၏ ၂၀၁၉-၂၀၂၂ မဟာဗျူဟာလမ်းစဉ်သည် နိုင်ငံရေးပါတီနှင့် မဲဆွယ်စည်းရုံးရေးဘဏ္ဍာရေးများကို ပိုမိုတင်းကြပ်စွာ စောင့်ကြပ်ကြည့်ရှုရန်မျှော်မှန်းသော်လည်း နိုင်ငံတကာ ရွေးကောက်ပွဲလေ့လာစောင့်ကြည့်သူများမှ မဲဆွယ်စည်းရုံးရေးဘဏ္ဍာရေးအတွက် ပေးထားသောအကြံပြုချက်များတစ်ခုကိုမျှ အကောင်အထည်ဖော်ထားခြင်းမရှိသေးပါ။[၂၂]

၂၂ EU EFM အစီရင်ခံစာ ၂၀၁၉ ခုနှစ်

# ၄။ ရွေးကောက်ပွဲများနှင့် ပဋိပက္ခများ

ရွေးကောက်ပွဲဆိုင်ရာနှင့် ပဋိပက္ခပုံစံများသည် နည်းအမျိုးမျိုးဖြင့် ထိပ်တိုက်တွေ့နိုင်ပြီး ရှိနှင့်ပြီးသားအန္တရာယ်များကို ပိုမိုဆိုးရွားစေသည်။ ရွေးကောက်ပွဲများသည် ညှိနှိုင်းရေးနှင့် အပေးအယူလုပ်ခြင်းထက် ပြိုင်ဆိုင်ခြင်းပိုဖြစ်သည်။[၂၃] ထို့အပြင် ၂၀၂၀ ရွေးကောက်ပွဲများသည် လွန်ခဲ့သောမဲများထက် တိုင်းရင်းသားပြည်နယ်များတွင်အပါအဝင် ပြိုင်ဆိုင်မှုပိုများမည်ဖြစ်သည်။ မြန်မာနိုင်ငံသည် ရွေးကောက်ပွဲအကြမ်းဖက်မှုသမိုင်းအနည်းအကျဉ်းမျှသာရှိသော်လည်း မြန်မာနိုင်ငံ၏ တရားဝင်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ အချက်အခြာတွင်ရှိသော နိုင်ငံရေးထိခိုက်မှုပြဿနာများမှာ ဖြေရှင်းပြီးထားသည့်အရာများ မဟုတ်လှပါ။ အမှန်တကယ်တွင် ပင်လုံငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် - နိုင်ငံတော်အတိုင်ပင်ခံသည် သူမ၏အစိုးရတက်ကာစတွင် ပထမဦးစားပေးဖြစ်ခဲ့သော်လည်း - ကြာရှည်ကြန့်ကြာနေပြီး သူမအစိုးရသက်တမ်းအတွင်း ပဋိပက္ခအသစ်များတိုးများဖြစ်ပေါ်လျက်ရှိသည်။ ၂၀၁၅ ခုနှစ် နိုင်ငံတစ်ဝှမ်း အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ် (NCA) ဝင် NLD အုပ်ချုပ်ရေးနှင့် ပါတီများသည်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အား နောက်တစ်နှစ်တွင် အစိုးရသစ်တစ်ရပ်တက်သည့်အချိန်အထိ ဆက်လက်ငြိမ်သက်စောင့်ဆိုင်းနေရန် မျှော်မှန်းရသည့်အခြေအနေမရောက်ခင် ၂၀၂၀ ခုနှစ် ဩဂုတ်လတွင် နောက်ထပ်တွေ့ဆုံပွဲတစ်ခုကို စည်းဝေးရန် သဘောတူညီထားခဲ့သည်။

သမိုင်းအစဉ်အလာအရ အစိုးရသည် ငြိမ်းချမ်းရေးညှိနှိုင်းမှုများနှင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို အသင်းအဖွဲ့ဌာနပိုင်းဆိုင်ရာအရ ခွဲခြားထားသည်။ UEC အနေဖြင့် ရွေးကောက်ပွဲများနှင့် ပဋိပက္ခအကြားဆက်စပ်သည့် ယခင်အလေ့အထများမှသင်ယူရရှိပြီး ကြိုတင်လုပ်ဆောင်နိုင်သည့် နယ်ပယ်တစ်ခုမှာ ပြည်တွင်းတွင် အိုးအိမ်စွန့်ခွာထားကြရသည့်ဒုက္ခသည် (IDPs) မဲဆန္ဒရှင်များအား မဲပေးပိုင်ခွင့်ရှိအောင်လုပ်ဆောင်ခြင်းဖြစ်သည်။ IDP မဲဆန္ဒရှင်များအား "ရွှေ့လျားလူဦးရေ" အဖြစ် ယခင်ကသတ်မှတ်ထားပြီး မဲဆန္ဒနယ်တစ်ခုမှ အခြားတစ်ခုသို့ ဆန္ဒမဲပေးပိုင်ခွင့် လွှဲပြောင်းခြင်းအတွက် စည်းမျဉ်းများကို ကျင့်သုံးလုပ်ဆောင်နိုင်ခဲ့သည်။ အသင့်အတင့်ငြိမ်းချမ်းမှုရှိသည့် IDP ဒုက္ခသည်စခန်းများတည်ရှိသည့် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် အခြားနယ်နိမိတ်နေရာများတွင်နှင့် ယင်းမဲဆန္ဒရှင်များအား အမည်စာရင်းမှတ်ပုံတင်ရန်အတွက် အချိန်ကာလအကန့်အသတ် အပြောင်းအလဲဖြင့် UEC သည် ပဋိပက္ခသက်ရောက်ခံရသည့် လူဦးရေစုများအတွက် ဆန္ဒမဲပေးနိုင်ရန် စီစဉ်လုပ်ဆောင်ရန် တိုက်တွန်းနိုင်သည်။

*အကြံပြုချက်*

*UEC သည် **ပြည်တွင်းတွင် အိုးအိမ်စွန့်ခွာထားရသည့် ဒုက္ခသည်များ (IDP)** မှ ၎င်းတို့၏နေရပ်မဲဆန္ဒနယ်အတွက် သို့မဟုတ် ယာယီနေထိုင်နေသည့်မဲဆန္ဒနယ်အတွက် ရွေးချယ်မဲထည့်နိုင်ရန်ကို ထည့်သွင်းစဉ်းစားပြီး ၎င်းတို့အတွက် ရွေးကောက်ပွဲများကို စီစဉ်လုပ်ဆောင်ပေးရန် စဉ်းစားနိုင်သည်။*

၂၃ Callahan နှင့် မျိုးဇော်ဦးတို့ကို နိုင်းယှဉ်ချက် ၂၀၁၉

# ၄(က) ရွေးကောက်ပွဲများ ဖျက်သိမ်းနိုင်ချေအလားအလာ

ပဋိပက္ခသက်ရောက်ခံရသည့် နယ်မြေဒေသများတွင် ရွေးကောက်ပွဲများဖျက်သိမ်းရခြင်း သို့မဟုတ် ဆိုင်းငံ့ရခြင်းကို မဲဆန္ဒရှင်များ၊ ရွေးကောက်ပွဲစီမံအုပ်ချုပ်သူများနှင့် ပြင်ပလေ့လာစောင့်ကြည့်သူများမှ အနည်းအကျဉ်းသာ နားလည်သဘောပေါက်ကြသည်။ ရွေးကောက်ပွဲများကိုဖျက်သိမ်းရန် သို့မဟုတ် ဆိုင်းငံ့ရန် လုပ်ပိုင်ခွင့်သည် UEC ဥပဒေ ပုဒ်မ ၁၀(စ)၊ ရွေးကောက်ပွဲဥပဒေ၏ ပုဒ်မ ၅၀ နှင့် ၅၁ တို့တွင်အခြေခံပြီး UEC ၏ လက်ထဲတွင်ရှိသည်။ ဥပဒေမူဘောင်တွင် လုံခြုံရေးအကြောင်းအရင်းကြောင့် သို့မဟုတ် သဘာဝဘေးအန္တရာယ်ကြောင့် ရွေးကောက်ပွဲမကျင်းပနိုင်ခြင်းအတွက် ဖျက်သိမ်းခြင်း သို့မဟုတ် ဆိုင်းငံ့ခြင်းကို ပြဋ္ဌာန်းထားသည်။ ဥပဒေ၏ အခြားအစိတ်အပိုင်းများတွင်မူ သက်ဆိုင်ရာပုဒ်မများ၏ စာရေးသားပုံ၊ အထူးသဖြင့် ပေးထားသော ရွေးကောက်ပွဲဆိုင်ရာ မဲဆန္ဒ နယ်တစ်ခုအတွင်း ဆန္ဒမဲပေးခြင်းကို တစ်စိတ်တစ်ပိုင်း ပယ်ဖျက်ခြင်းနှင့် စပ်လျဉ်း၍ ဖော်ပြထားချက်မှာ ရှင်းလင်းတိကျမှုမရှိပါ။ ဥပဒေသည် ဖျက်သိမ်းခြင်း သို့မဟုတ် ဆိုင်းငံ့ခြင်းကို ရွေးကောက်ပွဲ မတိုင်မီ မည်မျှအကြာတွင်ကြိုတင်ကြေညာရမည်ဟူသည့် အချိန်အတိုင်းအတာအကန့်အသတ်ကိုလည်း ပြဋ္ဌာန်းမထားပါ။ ၂၀၁၅ ခုနှစ်တွင် မဲဆန္ဒရှင်ပေါင်း ၅၀၀,၀၀၀ တို့အနက် အားလုံးတို့သည် ယင်းဖျက်သိမ်းမှုများကြောင့် မဲပေးခွင့်ဆုံးရှုံးရကြောင်း ခန့်မှန်းထားသည်။[၂၄]

ရွေးကောက်ပွဲများအားဖျက်သိမ်းခြင်း သို့မဟုတ် ဆိုင်းငံ့ခြင်းသည် သက်ဆိုင်ရာစီမံအုပ်ချုပ်ရေးဌာန၏ အရွယ်အစားပေါ်မူတည်၍ မတူကွဲပြားသော နောက်ဆက်တွဲအကျိုးဆက်များရှိနိုင်သည်။ ဥပဒေပြုရေးအဖွဲ့တွင် လစ်လပ်နေသောနေရာများသည် မဲဆန္ဒနယ်များအားလုံးအတွက် ရွေးကောက်ပွဲများဖျက်သိမ်းခြင်း၊ ဥပမာ ၂၀၁၅ ခုနှစ်တွင် ရှမ်းပြည်နယ်ကဲ့သို့၊ မှသာထွက်ပေါ်သည်။ မတူသည်မှာ မဲဆန္ဒနယ်တစ်ခုလုံးထက်သေးငယ်သောရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအချို့တွင် ရွေးကောက်ပွဲများ တစ်စိတ်တစ်ပိုင်း ဖျက်သိမ်းခြင်းသည် မဲဆန္ဒနယ်လစ်လပ်သည်ဟု မှတ်ယူ၍မရပဲ ဖျက်သိမ်းလိုက်သော နယ်မြေဒေသအတွင်းရနေထိုင်သော မဲဆန္ဒရှင်များမပါဝင်သော်လည်း ရွေးကောက်ပွဲမှာဆက်လက် ဖြစ်မြောက်သည်ဖြစ်သဖြင့် ၎င်းတို့၏ ဆန္ဒမဲထည့်ပိုင်ခွင့်ဆုံးရှုံးခြင်းကို ဖြစ်ပေါ်စေသည်။ ရွေးကောက်ပွဲဖျက်သိမ်းခြင်း သို့မဟုတ် ဆိုင်းငံ့ခြင်းသည် အတိတ်ကာလတွင် ရှင်းလင်းမှုမရှိသည့်ပုံရှိပြီး "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသစသည့် ပြည်နယ်အုပ်ချုပ်ရေးမှ ရွေးကောက်ပွဲများစီစဉ်ကျင်းပရန် အခင်းအကျင်းမှ ပျောက်ဆုံးနေသည့် နေရာများတွင် ဖြစ်ပေါ်ခဲ့သည်။ သို့သော်လည်း ၂၀၂၀ ခုနှစ်တွင် ရခိုင်ပြည်နယ်၏ အချို့အထင်ကရနေရာဒေသရှိ လုံခြုံရေးအနေအထားများအရ မဲဆန္ဒရှင်အမည်စာရင်း ဖြည့်စွက်ပြင်ဆင်ခြင်း၊ မဲဆွယ်စည်းရုံးရေး ကမ်ပိန်းများကျင်းပခြင်း သို့မဟုတ် အခြားရွေးကောက်ပွဲဆိုင်ရာကြိုတင်ပြင်ဆင်မှုများ စသည်တို့ကို ပြုလုပ်နိုင်ချေရှိမည် မဟုတ်ချေ။ ထို့ကြောင့် လာမည့်ရွေးကောက်ပွဲများတွင် ရွေးကောက်ပွဲ (တစ်စိတ်တစ်ပိုင်း) ဖျက်သိမ်းခြင်း သို့မဟုတ် ဆိုင်းငံ့ခြင်းများ ဖြစ်ပေါ်လာနိုင်သည်ဟု ခန့်မှန်းရသည်။

*အကြံပြုချက်*

*UEC သည် လုံခြုံရေးတပ်ကူများနှင့်ပူးပေါင်းပြီး အပြည့်အဝ သို့မဟုတ် တစ်စိတ်တစ်ပိုင်း ဖျက်သိမ်းရန်လိုအပ်သော* ***ရွေးကောက်ပွဲဖျက်သိမ်းခြင်း*** *ကိစ္စများတွင် ပွင့်လင်းမြင်သာမှုရှိရှိ လေ့ကျင့်လုပ်ဆောင်ပြီး ယင်းသို့သော ဆုံးဖြတ်ချက်များကို အချိန်နှင့်တပြေးညီ ရှင်းလင်းစွာ ဆက်သွယ်အသိပေးလုပ်ဆောင်သင့်သည်။*

၂၄ သက်ဆိုင်ရာနယ်မြေဒေသအမြောက်အများတို့တွင် ၂၀၁၄ ခုနှစ် အိမ်ထောင်စုလူဦးရေစာရင်းကို အပြည့်အဝကောက်ခဲ့ခြင်းမရှိသဖြင့် ကိန်းဂဏန်းအတိအကျဖော်ပြရန်ခက်ခဲသည်။ Lidauer ကို နှိုင်းယှဉ်ပါ။ ၂၀၁၆ ခုနှစ်။

# ၄(ခ) ရခိုင်ပြည်နယ်ရှိပဋိပက္ခ

မြန်မာနိုင်ငံ၏ မြောက်ပိုင်းနှင့် အရှေ့တောင်ပိုင်းရှိ ပဋိပက္ခခါးစည်းခံရသည့် နယ်မြေဒေသများတွင် အခြေအနေ ပြင်းထန်မှုအတန်အသင့်ရပ်စဲသွားပြီဟု မြင်ရသော်လည်း ရခိုင်ပြည်နယ်သည် မြန်မာနိုင်ငံ၌ နှစ်ပေါင်းများစွာ အတွင်း အရှည်ကြာဆုံးနှင့်အပြင်းထန်ဆုံးတိုက်ခိုက်မှုအချို့ကို ကြုံတွေ့နေရသည်။[၂၅] လွန်ခဲ့သောအပြောင်းအလဲ ဆယ်စုနှစ်ကာလအတောအတွင်း မူဆလင်ဆန့်ကျင်ရေးအယူအဆများသည် ၂၀၁၂ ခုနှစ်တွင် စတင်ပေါက်ကွဲလာ ခဲ့ပြီး ဗုဒ္ဓဘာသာလူမျိုးစွဲ ထွန်းကားရေးများကြောင့် ၂၀၁၅ ရွေးကောက်ပွဲများတွင် ရိုဟင်ဂျာမဲဆန္ဒရှင်များ ဆန္ဒမဲ ထည့်ပိုင်ခွင့်ဆုံးရှုံးခြင်းတို့ကို ဖြစ်ပေါ်စေခဲ့သည်။ ၂၀၁၇ ခုနှစ်တွင် လူမဆန်စွာ ရာဇဝတ်မှုကျူးလွန်မှုများ ပါဝင် ပတ်သက်ခဲ့သည်ဟု သတင်းရရှိသော စစ်ဘက်ဆိုင်ရာ အရေးယူဆောင်ရွက်ချက်များကြောင့် ရိုဟင်ဂျာပေါင်း ၇၀၀,၀၀၀ ကျော်တို့သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အစုလိုက်အပြုံလိုက် ထွက်ပြေးစွန့်ခွာခဲ့ရပြီး ယင်းကိစ္စကြောင့် မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာတရားရုံးရှေ့မှောက်သို့ ရောက်ခဲ့ရသည်။ သို့သော်လည်း ရခိုင်လူထုသည် ဗဟိုအစိုးရနှင့် ပိုမိုကင်းကွာလာခဲ့သည်။ တပ်မတော်နှင့် ၂၀၁၉ အစောပိုင်းကတည်းက ရခိုင်တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့ဖြစ်သည့် ရခိုင်တပ်မတော် (AA) တို့အကြား ထိပ်တိုက်တွေ့မှုများထွက်ပေါ်လာခဲ့ပြီး ရခိုင်ပြည်နယ်တစ်လျှောက်နှင့် အနီးတဝိုက်ရှိ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်တို့တွင် အကြမ်းဖက်မှုများပျံ့နှံ့လာခဲ့ သည်။

ဆက်လက်ဖြစ်ပေါ်နေသော လက်နက်ကိုင်စွဲမှုများသည် ရခိုင်လူထု၏ လွန်ခဲ့သောအတိတ်က ရွေးကောက်ပွဲနှင့် သက်ဆိုင်သည့် စိတ်မကျေနပ်မှုများ၏ နောက်ဆက်တွဲလည်းဖြစ်သည်။ ၂၀၁၅ ခုနှစ်တွင် မဲအများစုရရှိပြီး NLD နှင့် USDP တို့ကို ရွေးကောက်ပွဲတိုက်ပွဲတွင်အောင်နိုင်ခဲ့သော်လည်း ၎င်းတို့မဲနိုင်ခြင်းကို NLD ၏ဦးဆောင်မှုအောက် တွင်လျစ်လျူရှုခံခဲ့ရပြီး ရခိုင်အမျိုးသားပါတီမှ အောင်နိုင်ခဲ့သူအား ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရာထူးခန့်အပ်ထား ရမည့်အစား NLD မှလူကိုခန့်အပ်ခဲ့ခြင်းကြောင့်ဖြစ်သည်။ ၎င်းသည် ရခိုင်တိုင်းရင်းသားလူမျိုးများအား ဗဟိုအစိုးရ နှင့် စိမ်းကားကင်းကွာမှုများဖြစ်ပေါ်စေပြီး မဲပြားများမှ ၎င်းတို့အတွက် ဘာမျှကြီးကြီးမားမား အကျိုးအမြတ်မရရှိ နိုင်ဟူသည့် အတွေးမျိုးဝင်စေခဲ့သည်။ UEC သည် လုံခြုံရေးအကြောင်းရင်းများကြောင့် ဒေသတွင်းရွေးကောက်ပွဲ များကို ဖျက်သိမ်းရန် လိုအပ်လိမ့်မည်ဖြစ်သဖြင့် လာမည့်မဲများတွင် ပြင်းထန်သည့် နိုင်ငံရေးထိခိုက်မှုဖြစ်နိုင်ချေ အန္တရာယ်ရှိသည်။ လက်ရှိလက်နက်ကိုင်ပဋိပက္ခအနေအထားအရ ရခိုင်ပြည်နယ် အတွင်းရှိမြို့နယ်တိုင်းတွင် အခင်းအနည်းဆုံးတစ်ခုဖြစ်ပေါ်ခဲ့ပြီး ပြည်နယ်အတွင်းရှိ မြို့ပေါင်းထက်ဝက်ကျော်ခန့်တို့တွင် ရွေးကောက်ပွဲများ ဖျက်သိမ်းရနိုင်ချေရှိသည်။ ၎င်းကြောင့် ရခိုင်ပြည်နယ်လွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော်အတွင်း လစ်လပ် နေရာအချို့ဖြစ်ပေါ်စေနိုင်သည်။ ဖြစ်စဉ်နှစ်ရပ်လုံးတွင် ရခိုင်လူထုနှင့် နေပြည်တော်အကြား စိမ်းကားကင်းကွာမှု များကို ဆက်လက်ဖြစ်ပေါ်စေမည်သာဖြစ်သည်။ ထို့အပြင် ၂၀၁၅ ခုနှစ်ရွေးကောက်ပွဲတွင် ဆန္ဒမဲထည့်ပိုင်ခွင့်ဆုံးရှုံး ခဲ့သည့် ကျန်ရှိသော ရိုဟင်ဂျာလူဦးရေအား ဆန္ဒမဲပေးပိုင်ခွင့်ရှိအောင် ပြုလုပ်ခြင်းမှာ မေးခွန်းထုတ်၍မရသည့်ပုံစံ ဖြစ်နေသည်။[၂၆]

နိုင်ငံတကာအကြပ်အတည်းအဖွဲ့ ICG ၏ ဖော်ပြချက်အရ အစိုးရခေါင်းဆောင်များသည် လက်ရှိဖြစ်ပေါ်နေသော ပဋိပက္ခအပေါ် ဂရုပြုမှုအနည်းငယ်သာရှိသည်ဟုထင်ရကြောင်းဆိုသည်။ မေလ ၉ ရက်နေ့တွင် တပ်မတော်မှ အခြားပြည်နယ်များတွင် ကပ်ရောဂါကြိုတင်ပြင်ဆင်နိုင်ရေးနှင့် တုံ့ပြန်နိုင်ရေးအတွက်ကြေညာခဲ့သော အပစ်

၂၅ ICG ၂၀၂၀ ခ
၂၆ ICG ၂၀၂၀ ခ

အခတ်ရပ်စဲရေးသည် ရခိုင့်တပ်မတော် (AA) မပါဝင်ခဲ့ပါ။ AA သည် အခြားအဖွဲ့နှစ်ဖွဲ့နှင့် မဟာမိတ်ပူးပေါင်းပြီး ၎င်းတို့ဘက်တွင်တစ်ဖက်သတ် အပစ်အခတ်ရပ်စဲရေးကို ထုတ်ပြန်ခဲ့သော်လည်း မလိုက်နာခဲ့ပါ။[၂၇] မတ်လ ၂၀၂၀ ခုနှစ်ကတည်းက - ၎င်းတို့အဖွဲ့နှင့် အဆက်အစပ်လုပ်ခြင်းကို ရာဇဝတ်မှုပြစ်မှုမြောက်စေသည့် - အကြမ်းဖက်အဖွဲ့အစည်းဖြစ် ကမ္ဘည်းတပ်ခံခဲ့ရသော AA သည် ၎င်းတို့လွှမ်းမိုးမှုရှိနေသည့် နေရာများတွင်လုပ်သော ရွေးကောက်ပွဲများ သို့မဟုတ် မဲများကိုစောင့်ရှောက်ရန် စိတ်ဝင်စားမှုတစ်စုံတစ်ရာမရှိနိုင်ပါ။ အဆိုးဆုံးဖြစ်စဉ်မှာ AA သည် ပြည်နယ်၏ NLD လွှမ်းမိုးသော တောင်ပိုင်း သို့မဟုတ် အခြားနေရာများတွင် တိုက်ခိုက်မှုများကို ချဲ့ထွင်ခြင်းအားဖြင့် လုပ်ငန်းစဉ်ကို ထိခိုက်စေရန် စဉ်းစားလုပ်ဆောင်ခြင်းဖြစ်မည်။ ယင်းအချက်များအားလုံး ပေါင်းစပ်ထည့်သွင်းစဉ်းစားလိုက်ပါက ရခိုင်ပြည်နယ်သည် လာမည့်ရွေးကောက်ပွဲအတွက် အန္တရာယ်များသည့်အခြေအနေကိုညွှန်ပြနေသည်။ ပိုဆိုးသည်မှာ ရခိုင်ပြည်နယ်အတွင်း ရွေးကောက်ပွဲနှင့်ပဋိပက္ခဆုံတွေ့ခြင်းမှာ အခြေအနေများကို ပိုမိုရှုပ်ထွေးစေနိုင်ခြင်းဖြစ်သည်။

*အကြံပြုချက်*
*အစိုးရသည်* ***ရခိုင်ပြည်နယ်ကို အရေးပေါ်အလေးထားလုပ်ဆောင်****သင့်သည်။ နောက်ထပ် ပြင်းထန်မှုအရှိန်အဟုန်တိုးမြှင့်ခြင်းမှကာကွယ်ရန် တပ်မတော်သည် ယာယီတိုက်ခိုက်မှုရပ်စဲခြင်းကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ရခိုင်တပ်မတော်တို့အထိချဲ့ထွင်လုပ်ဆောင်သင့်သည်။*

၂၇ ၂၀၂၀ ခုနှစ် ဇူလိုင်လ ၇ ရက်နေ့တွင် ရခိုင်ပြည်နယ်နိုင်ငံရေးကျွမ်းကျင်သူတစ်ဦးနှင့် အင်တာဗျူးမေးမြန်းချက်

# ၅။ လူမှုသတင်းမီဒီယာနှင့် ရွေးကောက်ပွဲများ

လူဦးရေ ၅၃ သန်းရှိ မြန်မာနိုင်ငံသည် ၂၀၁၁ ခုနှစ်တွင် လူမှုကွန်ယက်အင်တာနက်ထိုးဖောက်မှု ၀.၂၃% မှသည် ၃၉% သို့တက်ခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် ရှိသောလူဦးရေထက် သုံးစွဲနေသော SIM ကဒ်အရေအတွက်ကျော်လွန်ခဲ့သည်။ ယင်းအခြေအနေတွင် ဖေ့စ်ဘုတ်သည် နိုင်ငံအတွင်းရှိအသုံးပြုသူအမြောက်အများတွက် “အင်တာနက်” ဟူ၍နီးနီးပင် တင်စားသိမှတ်လာခဲ့ကြသည်။ မြန်မာနိုင်ငံမှသုံးစွဲသူများသည် နည်းပညာဖွံ့ဖြိုးတိုးတက်လာမှုနှင့်လိုက်၍ပြောင်းလဲကျင့်သားရလာခြင်းမရှိပါ။ နေ့စဉ်နှင့်အမျှ တည်းဖြတ်မှုများမှသည် အရည်အသွေးထိန်းချုပ်မှုလုံးလုံးလျားလျားမရှိသည့် သတင်းအချက်အလက်ရပ်ဝန်းသို့ရောက်လာသည့်အခါ မမှန်သတင်းများ၊ သတင်းအမှားများနှင့် အမုန်းစကားများတို့ကို ဗျူဟာကျကျတစ်လွဲသုံးစားပြုလာကြသည်။ ယင်းသို့သောဖြစ်စဉ်မျိုးကို ၂၀၁၅ ခုနှစ်ရွေးကောက်ပွဲတွင်လည်း ဗုဒ္ဓဘာသာလူမျိုးစွဲထွန်းကားရေးအုပ်စုများမှ လှုံ့ဆော်သည့် မူဆလင်ဆန့်ကျင်သည့်အယူအဆများ ပြန့်ပွားစေမှုဖြင့်လည်း မှတ်တမ်းရှိခဲ့ဖူးသည်။ သတင်းများအရ တပ်မတော်သည်လည်း လူမှုသတင်းမီဒီယာများကို အထူးပြုသုံးစွဲလျက်ရှိသည်။[၂၈] အခြားအစွန်းတစ်ဖက် တွင်မူ ဇွန်လ ၂၁ ရက်နေ့သည် ကမ္ဘာပေါ်တွင် ကာလအကြာရှည်ဆုံးအင်တာနက်ပိတ်ဆို့ဖြတ်တောက်မှု တစ်နှစ်ပြည့်သည့်ရက်လည်းဖြစ်ပြီး ရခိုင်ပြည်နယ်ရှိ လူပေါင်း ၁.၄ သန်းတို့ကို ပြည်နယ်တွင်း လက်နက်ကိုင်တိုက်ပွဲ၏ အစိတ်အပိုင်းတစ်ခုအဖြစ် ထိခိုက်စေခြင်းဖြစ်သည်။

ရွေးကောက်ပွဲများအတွင်း လူမှုသတင်းမီဒီယာကို လေ့လာစောင့်ကြည့်ရန် နည်းနိဿယများကို စမ်းသပ်ဆဲဖြစ်သည်။ အုပ်စုအဖွဲ့အချို့တို့သည် စောစီးစွာသတိပေးခြင်းနှင့် ထိခိုက်စေသော အကြောင်းအရာများကို ပယ်ဖျက်ရန် အွန်လိုင်းလေ့လာစောင့်ကြည့်ရေးကိရိယာများဖော်ဆောင်ရာတွင် ပါဝင်လုပ်ဆောင်လျက်ရှိသည်။ သို့သော်လည်း အွန်လိုင်းတွင်ရေးသားတင်ဆက်သော အကြောင်းအရာများအား လွန်ကဲစွာစည်းကမ်းကြပ်မတ်ခြင်းသည် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ဖိနှိပ်သကဲ့သို့ဖြစ်မည်ဖြစ်ပြီး အောင်မြင်အောင်လုပ်ဆောင်နိုင်ရန်နူးညံ့စွာချိန်ညှိကိုင်တွယ်ရမည်ဖြစ်သည်။ အွန်လိုင်းမဲဆွယ်စည်းရုံးရေးသုံးစွဲမှုများကို ပိုမိုလျော့လျဲစွာလေ့လာစောင့်ကြည့်ပြီး ပွင့်လင်းမြင်သာမှုပိုမိုတိုးတက်ကောင်းမွန်အောင် ဖေ့စ်ဘုတ်သည် ၎င်း၏ကြော်ငြာစာတိုက် (Ad Library) အတွက် ဩဂုတ်လမှစ၍ စိတ်ဆန္ဒသဘောအလျောက် အစီရင်ခံခြင်းကို အကောင်အထည်ဖော်ရန် စီစဉ်ထားသည်။ လူမှုသတင်းမီဒီယာနှင့်သက်ဆိုင်သည့် ဥပဒေရေးရာမူဘောင်သည် ထိန်းချုပ်ကန့်သတ်မှုရှိပြီး စိစစ်စစ်ဆေးရန်လိုအပ်ကာ ယင်းနယ်ပယ်အတွင်း မည်သည့်ရွေးကောက်ပွဲလေ့လာ စောင့်ကြည့်ခြင်းမဆို အွန်လိုင်းစကားများနှင့် အလေ့အထများအား ခွဲခြမ်းစိတ်ဖြာသုံးသပ်သင့်သည် သာမကပဲ စည်းမျဉ်းစည်းကမ်းပိုင်းဆိုင်ရာရှုထောင့်မှလည်း စောင့်ကြည့်သင့်သည်။

မြန်မာနိုင်ငံတွင် ရွေးကောက်ပွဲကို ဦးတည်သည့်အပိုင်းများအပါအဝင် တာဝန်ယူမှုရှိသောနှင့် အရေးယူတုံ့ပြန်ဆောင်ရွက်မှုရှိသော ဒီဂျစ်တယ်ရပ်ဝန်းကို စောင့်ကြပ်ရန်နှင့်ပုံဖော်ရန် နည်းကိရိယာအသစ်များ ထုတ်လုပ်ဖော်ဆောင်သည့်ရှေ့တန်းတွင် နည်းလမ်းသစ်လုပ်ဆောင်ချက်အချို့တို့ ထွက်ပေါ်လာပြီးဖြစ်သည်။ Civic-tech ပြည်သူ့-နည်းပညာတီထွင်ဖန်တီးသူများသည် ရွေးကောက်ပွဲဆိုင်ရာဒေတာအချက်အလက်များ၊ ပြည်သူနှင့် မဲဆန္ဒရှင်အသိပညာပေးခြင်းတို့နှင့်စပ်လျဉ်းသည့် အပလီကေးရှင်းများနှင့် ဆင့်ပွားတိုးတက်ဝက်ဘ်အပလီကေးရှင်းများဖြင့် ပံ့ပိုးပေးရန်ရည်ရွယ်သည်။ အွန်လိုင်းအမုန်းစကားများကို ဦးတည်လုပ်ဆောင်နေပြီးဖြစ်သည့်နှင့် မြန်မာနိုင်ငံ၏ ဒီဂျစ်တယ်လောကအနေအထားတို့ကို ကောင်းမွန်စွာသိရှိသည့် လူမှုသတင်းမီဒီယာစောင့်ကြပ်ကြည့်ရှုသူများသည်

[၂၈] RIO ၂၀၂၀

ရွေးကောက်ပွဲဆိုင်ရာအကြောင်းအရာအနေအထားများကိုလည်း ခြုံငုံလုပ်ဆောင်ရန်မျှော်မှန်းသည်။ တစ်ချိန်တည်းမှာပင် ယင်းနယ်ပယ်အတွင်း အတွေ့အကြုံနှစ်နှင့်ချီ၍ရှိသည့် ရွေးကောက်ပွဲလေ့လာစောင့်ကြည့်သူများသည် ရွေးကောက်ပွဲမဲဆွယ်စည်းရုံးရေးများသည် အွန်လိုင်းပေါ်တွင် တစ်စိတ်တစ်ပိုင်းဖြစ်ပေါ်သည်လည်းဖြစ်သဖြင့် ၎င်းတို့၏ လေ့လာစောင့်ကြည့်မှုကြိုးပမ်းချက်များကို လူမှုသတင်းမီဒီယာများအထိတိုးချဲ့လာသည်။ အတွေးအခေါ်အကြံဉာဏ် အမြောက်အများတို့ကို ဖန်တီးပုံဖော်ဆဲဖြစ်သည်။ အမျိုးမျိုးသော ချဉ်းကပ်နည်းလမ်းများသည် အမြဲတမ်းမတူညီပဲ အချို့မှာ ယင်းနယ်ပယ်ဧရိယာအတွင်း တက်ကြွလှုပ်ရှားမှုစုဝေးသိပ်သည်းနေမှုရှိကြောင်းကိုလည်း အစီရင်ခံထားသည်။ လာမည့်ရွေးကောက်ပွဲများနှင့်ပတ်သက်၍ အပြုသဘောဆောင်သော ပြောင်းလဲမှုကို ဆောင်ကျဉ်းလိုသည့် နိုင်ငံသား သို့မဟုတ် နိုင်ငံတကာစောင့်ကြည့်သူများနှင့် စွန့်ဦးတီထွင်သူများအနေဖြင့် ပူးပေါင်းလုပ်ဆောင်ခြင်းနှင့် အသိပညာဗဟုသုတများဖလှယ်ခြင်းသည် အတိအကျအရေးပါသည်။ သို့သော်လည်း ရန်ကုန်မြို့ရှိ ပြည်သူ့နည်းပညာလူထုအသိုင်းအဝိုင်းသည် သေးငယ်ပြီး ယင်းနယ်ပယ်အတွင်း တက်ကြွသည့်သူများမှာလည်း တစ်ဦး၏ လှုပ်ရှားမှုကို တစ်ဦးကသိရှိနေပြီးဖြစ်သည်။ ဒီဂျစ်တယ်အသိပညာအားနည်းနေဆဲဖြစ်ပြီး အထောက်အပံ့ပေးရန်လိုအပ်ဆဲဖြစ်သဖြင့် များသောအားဖြင့် ပြည်သူနှင့် မဲဆန္ဒရှင်အသိပညာပေးခြင်း လစ်လပ်ကွာဟချက်များ ရှိနေနိုင်သေးသည်။

*အကြံပြုချက်*
*ပြည်သူ့နည်းပညာပံ့ပိုးပေးသူများ၊ နိုင်ငံသားများ၊ ရွေးကောက်ပွဲလေ့လာစောင့်ကြည့်သူများနှင့် အလှူရှင်များသည်* ***ပူးပေါင်းလုပ်ဆောင်ရန်နှင့် ရွေးကောက်ပွဲနှင့်သက်ဆိုင်သည့် ပညာရှင်ဆန်ဆန်ကျွမ်းကျင်မှုများကို ထည့်သွင်းစဉ်းစား****သင့်သည်။ ရွေးကောက်ပွဲများမတိုင်မီ ကျန်ရှိသောအချိန်ကာလများအတွင်း* ***ပြည်သူနှင့် မဲဆန္ဒရှင်အသိပညာပေးခြင်း****ကို ဦးစားပေးလုပ်ဆောင်သင့်သည်။*

# ၆။ ရွေးကောက်ပွဲလေ့လာစောင့်ကြည့်ခြင်း

ပြင်ပစစ်ဆေးခြင်းများနှင့် စေ့စပ်လုပ်ဆောင်ချက်များကြောင့် လွန်ခဲ့သောဆယ်စုနှစ်အတွင်း မြန်မာနိုင်ငံရှိ တိုးပွားလာသော ရွေးကောက်ပွဲများသမာသမတ်ကျမှုများ အကျိုးဖြစ်ထွန်းခဲ့သည်။ ၂၀၁၀ ခု နှစ်တွင် နိုင်ငံတကာလေ့လာစောင့်ကြည့်သူများကိုမဖိတ်ခေါ်ခဲ့ပဲ ဒေသတွင်းရွေးကောက်ပွဲလေ့လာစောင့်ကြည့်ခြင်းသည် တရားမဝင်သောလုပ်ဆောင်ချက်ဖြစ်သည်ဟု သတ်မှတ်ခဲ့သည်။ သို့သော်လည်း နိုင်ငံသားများသည် နိုင်ငံတကာလူမှုအသိုင်းအဝိုင်းထံသို့ မဲများအကြောင်းသတင်းပေးရန် တန်ဖိုးမဖြတ်နိုင်သည့် အစီရင်ခံစာများဖြင့်ပံ့ပိုးပေးခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်အား လွှတ်တော်သို့ပထမဆုံးဝင်ရောက်စေနိုင်ခဲ့သည့် ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် သံတမန်ရေးရာလေ့လာစောင့်ကြည့်ခြင်းအကန့်အသတ်ရှိခဲ့ပြီး ထွက်ပေါ်လာသော နိုင်ငံသားရွေးကောက်ပွဲလေ့လာစောင့်ကြည့်သူများအတွက် အရပ်ဘက်လူထုရပ်ဝန်းနေရာကို စမ်းသပ်ရန်မြေပြင်တစ်ခုပေးခဲ့သည်။ သို့သော်လည်း မြန်မာနိုင်ငံရှိ ရွေးကောက်ပွဲများကို ပိုမိုကျယ်ပြန့်စွာလေ့လာစောင့်ကြည့်သည်မှာ ၂၀၁၅ ခုနှစ်မှဖြစ်ပြီး လုပ်ငန်းစဉ်၏ ပွင့်လင်းမြင်သာမှုအတွက် အကျိုးပြုစေကာ တန်ဖိုးမဖြတ်နိုင်သောထွက်ဆိုချက်များ၊ အစီရင်ခံစာများနှင့် အကြံပြုချက်များကို ပေးခဲ့သည်။ ထို့အတူ ၂၀၁၇ နှင့် ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲများကိုလည်း ပြည်တွင်းနှင့် နိုင်ငံတကာလေ့လာစောင့်ကြည့်သူများမှ စောင့်ကြည့်ခဲ့ကြသည်။

ရွေးကောက်ပွဲလေ့လာစောင့်ကြည့်ခြင်းကို ဥပဒေတွင်မပါဝင်သော်လည်း UEC သည် လွန်ခဲ့သောကာလများတွင် လေ့လာစောင့်ကြည့်သူများအတွက် အသိအမှတ်ပြုသည့်ယန္တရားကိုဖော်ဆောင်ပေးခဲ့ပြီး ၂၀၂၀ ခုနှစ်အတွက် ဇူလိုင်လ ၇ ရက်နေ့မှ အောက်တိုဘာလ ၁၅ ရက်နေ့အထိကို အသိအမှတ်ပြုချက်လျှောက်ထားရန် ကာလများအဖြစ်ကြေညာထားသည်။ ၂၀၁၅ ခုနှစ်တွင် UEC သည် အဖွဲ့အစည်းပေါင်း ၅၂ ခုတို့မှ ရွေးကောက်ပွဲလေ့လာစောင့်ကြည့်သူ နိုင်ငံသား ၁၁,၄၄၅ ဦးတို့ကို အသိအမှတ်ပြုအတည်ပြုပေးခဲ့ပြီး အချို့တို့မှာ အောက်ခြေအဖွဲ့အစည်းအငယ်များမှလာခြင်းဖြစ်ကာ အဖွဲ့အစည်း ၆ ခုတို့မှ နိုင်ငံတကာလေ့လာစောင့်ကြည့်သူပေါင်း ၄၆၈ ဦးတို့လည်းပါဝင်ခဲ့သည်။ အသိသာအထင်ရှားဆုံးမှာ ဥရောပသမဂ္ဂ၏ လေ့လာစောင့်ကြည့်ရေးမစ်ရှင်အဖွဲ့၊ အမေရိကန်အခြေစိုက် အစိုးရမဟုတ်သောအဖွဲ့အစည်းဖြစ်သည့် The Carter Center၊ နှင့် ဒေသတွင်းအရပ်ဘက်လူမှုအဖွဲ့အစည်းများကွန်ယက်ဖြစ်သည့် လွတ်လပ်သောရွေးကောက်ပွဲများအတွက် အာရှကွန်ယက် (ANFREL) တို့၏ လေ့လာစောင့်ကြည့်ချက်များဖြစ်သည်။ ထို့အပြင် သံတမန်ဆက်ဆံရေး ၃၆ ခုတို့အနက်မှ လေ့လာစောင့်ကြည့်သူပေါင်း ၅၂၆ ဦးတို့အပြင် ရွေးကောက်ပွဲအထောက်အပံ့ပေးသူများမှ ၁၈၃ ဦးတို့ကိုလည်း အတည်ပြုအသိအမှတ်ပြုပေးခဲ့သည်။[၂၉] သို့သော်လည်း မြန်မာအစိုးရနှင့် UEC သည် ရွေးကောက်ပွဲလေ့လာစောင့်ကြည့်သူများ၏ အကြံပြုချက်များကို ရွေးကောက်ပွဲလုပ်ငန်းစဉ်အတွင်း ဥပဒေရေးရာ သို့မဟုတ် စည်းမျဉ်းစည်းကမ်းပိုင်းဆိုင်ရာ အပြောင်းအလဲများအဖြစ် အဓိပ္ပာယ်ပြန်ဆိုထည့်သွင်းမှုမရှိသေးသဖြင့် ယင်းအကြံပြုချက်များအား ဖြေရှင်းဆောင်ရွက်မှုမှာ နောက်ကျကျန်နေသည်။[၃၀]

*အကြံပြုချက်*
*မြန်မာနိုင်ငံဥပဒေပြုသူများနှင့် UEC တို့သည်* ***ရွေးကောက်ပွဲလေ့လာစောင့်ကြည့်သူများ၏ အကြံပြုချက်များကို*** *အချိန်နှင့်တပြေးညီ* ***ဖြေရှင်းဆောင်ရွက်သင့်****သည်။*

၂၉ EU EOM ၂၀၁၅ ခုနှစ်
၃၀ EU EOM ၂၀၁၆ ခုနှစ်

နိုင်ငံတကာနှင့် ပြည်တွင်းရွေးကောက်ပွဲလေ့လာစောင့်ကြည့်သူများသည် အလားသဏ္ဌာန်တူသော နည်းနိဿယများကိုအသုံးပြုပြီး တစ်ဦးနှင့်တစ်ဦး ကိုင်းကျွန်းမှီကျွန်းကိုင်းမှီသည့်ကဏ္ဍများမှပါဝင် လုပ်ဆောင်ကြသည်။ နိုင်ငံတကာလေ့လာစောင့်ကြည့်သူများ၏ ပညာရှင်ဆန်ဆန်အကဲဖြတ်ဆန်းစစ်ချက်များသည် သံတမန်ဆက်ဆံရေးအသိုင်းအဝိုင်းများနှင့် နိုင်ငံတကာသတင်းမီဒီယာများအကြား ပိုမိုသဘောတွေ့အသံတူနိုင်သော်လည်း ပြည်တွင်းရွေးကောက်ပွဲလေ့လာစောင့်ကြည့်သူများသည် အရေအတွက်ပိုမိုများပြားပြီး နိုင်ငံတကာသက်ဆိုင်သူများမှမရောက်ရှိနိုင်သည့်နေရာများတွင်ပါ လွတ်လပ်သောစိစစ်မှုများကို လုပ်ဆောင်ပေးနိုင်သည်။ အထူးသဖြင့် နိုင်ငံသားရွေးကောက်ပွဲ လေ့လာစောင့်ကြည့်သူများသည် ရွေးကောက်ပွဲနေ့ကို အာရုံစိုက်လေ့ရှိကြသော်လည်း ၎င်းတို့သည် သတင်းမီဒီယာများ၊ အမျိုးသမီးနှင့် လူငယ်ပါဝင်နိုင်မှုစသည်တို့ကို စောင့်ကြည့်ခြင်း သို့မဟုတ် ရွေးကောက်ပွဲအကြမ်းဖက်မှုများကို လေ့လာစောင့်ကြည့်ခြင်းစသည့် ကဏ္ဍအလိုက်လေ့လာစောင့် ကြည့်ခြင်းများကိုပါ အထူးပြုလုပ်ဆောင်လာကြပြီဖြစ်သည်။ နိုင်ငံသားနှင့် နိုင်ငံတကာရွေးကောက်ပွဲလေ့လာစောင့်ကြည့်သူများသည် ၂၀၂၀ အထွေထွေရွေးကောက်ပွဲများကို လေ့လာစောင့်ကြည့်ရန် ပြင်ဆင်နေကြသော်လည်း ၎င်းတို့စောင့်ကြည့်လေ့လာနိုင်မှုကိုမသေမချာဖြစ်စေသည့် စိန်ခေါ်မှုအမျိုးမျိုးတို့နှင့် ကြုံတွေ့နေရသည်။

ဤအကဲဖြတ်ဆန်းစစ်ချက်ကိုရေးသားချိန်တွင် ရွေးကောက်ပွဲဆိုင်ရာပြည်သူ့လှုပ်ရှားမှုအဖွဲ့ (PACE) သည် ကျယ်ကျယ်ပြန့်ပြန့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ရွေးကောက်ပွဲလေ့လာစောင့်ကြည့်ခြင်းကို မဲဆွယ်စည်းရုံးရေးကာလ၊ ရွေးကောက်ပွဲနေ့နှင့် ရလဒ်များအတည်ပြုခြင်းစသည်တို့အကျုံးဝင်အောင် စောင့်ကြည့်လေ့လာမှုပြုလုပ်မည့် တစ်ခုတည်းသော အရပ်ဘက်လူမှုအဖွဲ့အစည်း ဖြစ်ပုံရသည်။ PACE သည် ရေရှည်လေ့လာစောင့်ကြည့်သူအမြောက်အများတို့ကို နေရာချထားပြီး ရွေးကောက်ပွဲရက်တွင် လေ့လာစောင့်ကြည့်သူပေါင်း ၂,၀၀၀ တို့ဖြင့် စောင့်ကြည့်သွားရန်စီစဉ်ထားသည်။ ရွေးကောက်ပွဲအသိပညာပေးခြင်းနှင့် လေ့လာစောင့်ကြည့်ခြင်းမိတ်ဖက်ကွန်ယက် (EEOP) နှင့် ၎င်း၏ အဖွဲ့ဝင်အဖွဲ့အစည်းအချို့တို့သည်လည်း နိုင်ငံ၏အနည်းဆုံးအပိုင်းများတွင် ရွေးကောက်ပွဲများလေ့လာစောင့်ကြည့်သွားရန် ကြိုးပမ်းလျက်ရှိသည်။ ၎င်းတို့၏စေ့စပ်လုပ်ဆောင်ချက်သည် UEC ၏ အသိအမှတ်ပြုအတည်ပြုပေးမှုအပေါ်မူတည်မည်ဖြစ်သည်။ UEC သည် ယခုအခါ အသင်းအဖွဲ့မှတ်ပုံတင်ဥပဒေအောက်တွင် မှတ်ပုံတင်မထားသည့် နိုင်ငံသားလေ့လာစောင့်ကြည့်ရေးအဖွဲ့အစည်းများအတွက် အသိအမှတ်ပြုအတည်မပြုပေးမည်ကိုစိုးရိမ်ကြောင်း အချို့ပြောရေးဆိုခွင့်ရှိသူများက ပြောသည်။ သို့သော်လည်း ပြည်ထောင်စုမှတ်ပုံတင်ဘုတ်အဖွဲ့နှင့် မှတ်ပုံတင်လျှောက်ထားရန်မှာ လျှောက်ထားသည့် အရပ်ဘက်လူမှုအဖွဲ့အစည်းသည် သမ္မတရုံးနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ထောက်ခံစာများတောင်းခံရန်လိုအပ်ပြီး နိုင်ငံသားရွေးကောက်ပွဲလေ့လာစောင့်ကြည့်ခြင်းနှင့်ဆိုင်သည်မှာ UEC ပင်ဖြစ်နေသည်။ သို့သော်လည်း UEC သည် ယင်းသို့သောထောက်ခံစာများ ထုတ်ပေးသွားရန်ရှိသည်ဟု ဖော်ပြထားကြောင်း သတင်းရသည်။ ထို့အပြင် အချို့အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ဗဟိုဘဏ်၏ ငွေကြေးခဝါချမှုဆန့်ကျင်ရေးပြဋ္ဌာန်းချက်များကို လုပ်ဆောင်ခြင်းနှင့်ဆက်စပ်သည့် လုပ်ဆောင်ချက်များကြောင့် ဘဏ်ငွေလွှဲရာတွင် ပြဿနာများရှိကြောင်းနှင့် ၎င်းက နိုင်ငံသားရွေးကောက်ပွဲလေ့လာစောင့်ကြည့်ခြင်းလုပ်ငန်းများကို ကြိုတင်ပြင်ဆင်ရာတွင် ရှုပ်ထွေးမှုများကိုထပ်မံဖြစ်ပေါ်စေကြောင်း အစီရင်ခံထားသည်။ နိုင်ငံသားများ၏ ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်လုပ်ဆောင်မှုနယ်ပယ်အတွင်း အရပ်ဘက်လူထုနေရာပိတ်ဆို့ခြင်းမှ ရှောင်ကြဉ်ရန် ယင်းအခြေအနေကို အချိန်နှင့်တပြေးညီ ကျော်လွှားသင့်သည်။

၂၀၂၀ ခုနှစ်တွင် နိုင်ငံတကာရွေးကောက်ပွဲလေ့လာစောင့်ကြည့်သူများရှိနေခြင်း၊ မြန်မာအစိုးရမှ ဖိတ်ခေါ်ခြင်းနှင့် UEC မှ အသိအမှတ်ပြုခွင့်ပြုခြင်းတို့သည် COVID-19 ကိုထပ်မံထည့်သွင်းစဉ်းစားပြီး နိုင်ငံတကာအတွင်းအပါအဝင် မြန်မာနိုင်ငံအတွင်း ခရီးသွားလာနိုင်မှုတို့အပေါ် အပြည့်အဝမူတည်မည်ဖြစ်သည်။ နိုင်ငံတကာရွေးကောက်ပွဲလေ့လာစောင့်ကြည့်သူများမလာနိုင်ပါက နိုင်ငံသားရွေးကောက်ပွဲလေ့လာစောင့်ကြည့်သူများအနေဖြင့် - နိုင်ငံ

အတွင်း ၎င်းတို့ကိုယ်တိုင် လွှတ်လပ်စွာခရီးသွားလာနိုင်သည်ဖြစ်ပါက - ရွေးကောက်ပွဲများကို ဘက်မလိုက်သော အကဲဖြတ်ဆန်းစစ်ချက်များပေးရန် ပို၍အရေးပါသူများဖြစ်လာမည်ဖြစ်သည်။

*အကြံပြုချက်*

*UEC သည် အရပ်ဘက်လူထုနှင့် မျှဝေလုပ်ဆောင်သည့်အလေ့အထကောင်းများကို ဆက်လက်လုပ်ဆောင်သင့်ပြီး နိုင်ငံသားရွေးကောက်ပွဲလေ့လာစောင့်ကြည့်သူများအား အသိအမှတ်ပြုအတည်ပြုရေးအတွက်* ***မလိုအပ်သော အတားအဆီးများမှရှောင်ကြဉ်****သင့်သည်။*

# ၇။ ရွေးကောက်ပွဲရက်သို့

အချို့ရွေးကောက်ပွဲကြိုတင်ပြင်ဆင်မှုများသည် ၂၀၂၀ ခုနှစ်၏ပထမနှစ်ဝက်အတွင်း COVID-19 ကြောင့် နှောင့်ယှက်ခံရပြီး နှောင့်နှေးရသည်၊ ဥပမာ - မဲဆန္ဒရှင်အမည်စာရင်းထုတ်ပြန်ပြသရန်မလုပ်ဆောင်နိုင်သေးခြင်း၊နိုင်ငံရေးပါတီများအတွက် ကျင့်ဝတ်များပြီးမြောက်မှုနှောင့်နှေးကြန့်ကြာခြင်း၊ UEC နှင့် နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူထုများအကြား ဆက်စပ်ပါဝင်သက်ဆိုင်သူများအစည်းအဝေးများကို ယင်းကာလအတွင်း မကျင်းပနိုင်ခြင်း။ ယင်းအနေအထားနှင့် ကပ်ရောဂါကူးစက်ပျံ့ပွားမှုကြောင့် ဖြစ်ပေါ်သောအထွေထွေစိုးရိမ်ပူပန်မှုများအကြား ရွေးကောက်ပွဲဆိုင်ရာပါဝင်သက်ဆိုင်သူများသည် လာမည့်ရွေးကောက်ပွဲများ၏ အချိန်နှင့်စပ်လျဉ်း၍ မသေချာကြောင်းပြောကြားခဲ့သည်။ ရွေးကောက်ပွဲရက်ကို ဥပဒေတွင် တိကျစွာဖော်ပြမထားသော်လည်း ၎င်းသည် ဥပဒေပြုသက်တမ်းကာလနှင့်သက်ဆိုင်နေပြီး ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပြဋ္ဌာန်းချက်များမှ ဆင်းသက်လာသည်။ ရွေးကောက်ပွဲများကျင်းပရမည့် အချိန်ကာလအပိုင်းအခြားသည်တိုတောင်းပြီး ၂၀၂၁ ခုနှစ်အစောပိုင်းကာလအထိသာ ဆွဲဆန့်နိုင်သည်။[၃၁] သို့သော်လည်း မှန်းဆသည့်အချိန်ကာလတိုတောင်းပြီး ဇူလိုင်လ ၁ ရက်နေ့တွင် UEC သည် ၂၀၂၀ အထွေထွေရွေးကောက်ပွဲများကို နိုဝင်ဘာလ ၈ ရက်နေ့ တွင် ကျင်းပမည်ဟု ကြေညာခဲ့သည်။ ရွေးကောက်ပွဲရက်ကို အချိန်မှီထုတ်ပြန်ကြေညာခြင်းသည် လုပ်ငန်းစဉ်အပေါ် ယုံကြည်မှုအချို့ကိန်းအောင်းစေပြီး အချိန်ကာလအကန့်အသတ်မရှိ ရွှေ့ဆိုင်းမည်ဟူသည့် မှန်းဆချက်များအပေါ် ဖြေရှင်းချက်ပေးလိုက်သည်။

COVID-19 ရွေးကောက်ပွဲများသည် အခြားရွေးကောက်ပွဲနှင့် နှိုင်းယှဉ်၍မရပါ။ အထူးသဖြင့် အာရှနိုင်ငံများအတွင်း တောင်ကိုးရီးယားနိုင်ငံ၏ ၂၀၂၀ ခုနှစ်၊ ဧပြီလတွင် ရွေးကောက်ပွဲကျင်းပခဲ့သည့် ဥပမာသည် ဆန္ဒမဲထည့်သူအရေအတွက်မှတ်တမ်းကောင်းဖြင့်ပင် COVID-19 အခြေအနေများအောက်တွင် ရွေးကောက်ပွဲများကို အောင်မြင်အောင်မည်သို့ စီစဉ်ကျင်းပနိုင်သည်ကိုပြသည့် အကောင်းဆုံးစံပုံစံအဖြစ်ညွှန်းဆိုကြသည်။ သို့သော်လည်း ဥပမာအဖြစ်အပျက်ကို ဒေသတွင်းရှိ အခြားသောနိုင်ငံများတွင် တစ်ခုချင်းစီ လိုက်လံပျိုးထောင်မကျင့်သုံးနိုင်ပါ။ တောင်ကိုးရီးယားနိုင်ငံသည် COVID-19 ကို စောစီးစွာ တိုက်ဖျက်ခဲ့ပြီး အစိုးရမှ မိတ်ဆက်လုပ်ဆောင်သော အရေးယူဆောင်ရွက်ချက် (ရောဂါပိုးစမ်းသပ်ရှာဖွေခြင်းနှင့် လေ့လာစောင့်ကြည့်ခြင်း၊ ထိတွေ့မှုခြေရာခံခြင်း၊ သီးခြားနေထိုင်ခြင်း၊ ရုပ်ပိုင်းဆိုင်ရာခပ်ခွာခွာနေခြင်းနှင့် တင်းကြပ်သော အသွားအလာကန့်သတ်နေထိုင်ခြင်း) များကို အများပြည်သူမှလက်ခံခဲ့ပြီး၊ လူကိုယ်တိုင်မလိုအပ်ပဲ အဝေးမှဆန္ဒမဲထည့်သည့်နည်းပညာ (ကြိုတင်မဲပေးသည့်ရက်များ၊ စာတိုက်မှတဆင့်မဲထည့်ခြင်း၊ ပြည်ပမှမဲထည့်ခြင်း) စသည်တို့ကို ယခင်ကတည်းက လုပ်ဆောင်လာခဲ့ပြီးဖြစ်ကာ ယင်းသို့လုပ်ဆောင်ရန်တိုက်တွန်းခဲ့ပြီး၊ မဲဆန္ဒရှင်များအတွက် ကျင့်ဝတ်များနှင့် မဲရုံများတွင် သန့်ရှင်းစင်ကြယ်မှုအတွက် မဲရုံအလုပ်သမားများအတွက် ရှင်းလင်းသောညွှန်ကြားချက်များကို ဖော်ဆောင်ပေးထားကာ၊ အမျိုးသားရွေးကောက်ပွဲကော်မရှင်သည်လည်း ရှင်းလင်းသော အများပြည်သူထံ ဆက်သွယ်အသိပေးခြင်းများ ပြုလုပ်ခဲ့သည်။ တင်းကြပ်သော ကျန်းမာရေးကာကွယ်စောင့်ရှောက်မှုများက မဲဆန္ဒရှင်များအား အာမခံချက်ပေးခဲ့ပြီး COVID-19 ဖြစ်သည့်ကြားက မဲလာထည့်သူအရေအတွက်တိုးများခဲ့သည်။ ရွေးကောက်ပွဲမဲဆွယ်စည်းရုံးရေးသည် ယခင်နှစ်များနှင့်စာလျှင် ပိုမိုလျော့နည်းနိမ့်ပါးခဲ့ပြီး နိုင်ငံရေးပါတီများသည် အွန်လိုင်းမှတဆင့်နှင့် ဒီဂျစ်တယ်နည်းပညာများမှတစ်ဆင့် မဲဆွယ်စည်းရုံးရေးကိုအားသွန်ခွန်စိုက် ပိုမိုလုပ်ဆောင်ခဲ့ကြသည်။

၃၁ အရေးပေါ်အခြေအနေအောက်တွင်နှင့် အမျိုးသားလုံခြုံရေးကောင်စီအောက် ကြားဝင်အစိုးရအောက်တို့တွင်သာ ဤကာလအပိုင်းအခြားအကန့်အသတ်ထက်ကျော်လွန်ပြီး အချိန်ဆွဲဆန့်နိုင်သည်ဖြစ်ပြီး ယင်းသို့ဖြစ်နိုင်ချေမရှိပါ။

မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲဆိုင်ရာလုပ်ထုံးလုပ်နည်းတွင် စောစီးစွာမဲထည့်သည့်ရက်များ သို့မဟုတ် စာဖြင့်ပေးပို့မဲထည့်ခြင်း စသည်တို့မပါဝင်ပဲ လွန်ခဲ့သောကာလများအတွင်း အငြင်းပွားဖွယ်ရာဖြစ်ခဲ့သည့် ကြိုတင်မဲထည့်ခြင်းသာပါဝင်သဖြင့် ၎င်းသည် ယုံကြည်မှုအနည်းငယ်သာရှိသော ရွေးကောက်ပွဲအလေ့အထဖြစ်သည်။[၃၂] ရွေးကောက်ပွဲရက်ကိုကြေညာခြင်း၊ ရွေးကောက်ခံကိုယ်စားလှယ်လောင်းမှတ်ပုံတင်ပြီးမြောက်ခြင်း၊ မဲဆန္ဒရှင်အမည်စာရင်း ခင်းကျင်းပြသခြင်းနှင့် မဲဆန္ဒရှင်စာရင်းနောက်ဆုံးပြင်ဆင်ခြင်းနှင့် မဲဆွယ်စည်းရုံးရေးကာလပြီးပြီးနောက် UEC သည် နိုင်ငံတစ်ဝှမ်း မဲရုံပေါင်း ၄၁,၀၀၀ တို့တွင် မဲထည့်ခြင်းကို စီစဉ်မည်ဖြစ်သည်။ သို့သော်လည်း ယင်းအရေအတွက်သည် COVID-19 ကူးစက်ပျံ့ပွားမှုကိုကာကွယ်သည့် အရေးယူဆောင်ရွက်ချက်ကြောင့် တိုးများလာနိုင်ချေရှိသည်။ ဇွန်လလယ်တွင် UEC သည် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး မဲရုံအစမ်းလည်ပတ်ခြင်းကို စီစဉ်ဆောင်ရွက်ခဲ့သည်။ အစမ်းမဲရုံတွင် မဲရုံဝန်ထမ်းများအကြား ရုပ်ပိုင်းဆိုင်ရာခပ်ခွာခွာနေခြင်းနှင့် နှာခေါင်းစည်းမျက်နှာဖုံးများ၊ လက်အိတ်များနှင့် ပိုးသတ်သန့်စင်ဆေးများကို အသုံးပြုခဲ့သည်။ ယင်းလေ့ကျင့်ခန်းမှတဆင့် မဲရုံများ၏ လိုအပ်သောအရွယ်အစားနှင့် ၎င်း၏ပရဝုဏ်အတွင်း လူမည်မျှကိုဝင်ရောက်မှုကိုလက်ခံနိုင်သည်စသည်တို့ကို ဆွေးနွေးခဲ့သည်။ ရလဒ်အနေဖြင့် COVID-19 ကူးစက်ပျံ့ပွားမှုဆန့်ကျင်တိုက်ဖျက်သည့် ကြိုတင်ကာကွယ်ဆောင်ရွက်ချက်များဖြင့် ရွေးကောက်ပွဲများကိုကျင်းပရန် မဲရုံများနှင့် မဲရုံဝန်ထမ်းအရေအတွက်များကို ပြန်လည်ဆန်းစစ်ရမည်ဖြစ်ပြီး ရွေးကောက်ပွဲများအတွက် လိုအပ်မည့်ရသုံးမှန်းချေငွေမှာ တိုးမြင့်လာနိုင်ချေရှိသည်။ ကျန်ရှိနေသော အချိန်ကာလအပိုင်းအခြားအတွင်း UEC နှင့် အခြားနိုင်ငံတွင်းအသင်းအဖွဲ့အစည်းများအကြား ယုံကြည်အားထားနိုင်သော ဌာနဆိုင်ရာအပြန်အလှန်ပူးပေါင်းလုပ်ဆောင်မှု ရှိရန်လိုအပ်မည်ဖြစ်သည်။ ယင်းအခြေအနေရပ်များပြည့်မီပါက ကပ်ရောဂါပျက်သုဉ်းမသွားလျှင် ရွေးကောက်ပွဲများကို ကြိုတင်မှန်းဆထားသည့်အတိုင်း လုပ်ဆောင်နိုင်မည်ဖြစ်သည်။

၃၂ UEC သည် ကျောင်းများ၊ ဆေးရုံများနှင့် အကျဉ်းထောင်များမှ အစိုးရတာဝန်ရှိသူများအတွက် ကြိုတင်မဲပေးခြင်းကို အောက်တိုဘာလ ၈ ရက်နေ့မှ ၂၁ ရက်အကြား ကျင်းပသွားမည်ဟုကြေညာထားသည်။

# အကြံပြုချက်များ

UEC သည် ၎င်းအနေဖြင့် ၂၀၁၇ ခုနှစ်တွင် လုပ်ဆောင်ပေးခဲ့သည့် **ရွေးကောက်ပွဲပြက္ခဒိန်**ကို ထုတ်ပြန်ရန်အကြံပြုသည်။

UEC သည် ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များဆိုင်ရာ ဆက်သွယ်ဆက်ဆံရေးနှင့် သတင်းအချက်အလက်စီးဆင်းမှု တိုးတက်ကောင်းမွန်စေရန်နှင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်တွင် ယုံကြည်မှုဆက်ရှိနေစေရန် နိုင်ငံရေးအသင်းအဖွဲ့ပါတီများနှင့် အရပ်ဘက်လူထုများနှင့် ပုံမှန်**ဆက်စပ်ပါဝင်သက်ဆိုင်သူများအစည်းအဝေးများ**ကို ကျင်းပရန်စဉ်းစားသင့်သည်။

UEC သည် **ဗဟိုပြုမဲဆန္ဒရှင်**အမည်စာရင်းကိုဖော်ဆောင်ပြီး COVID-19 အခြေအနေအရ လုပ်ရှားနိုင်သည်နှင့် တစ်ပြိုင်နက် **မဲဆန္ဒရှင်အမည်စာရင်းထုတ်ပြန်ပြသခြင်း**များကို လက်ခံလုပ်ဆောင်နိုင်သည်။ အများပြည်သူကြည့်ရှု နိုင်အောင်ထုတ်ပြန်ပြသခြင်းမရှိပါက မဲဆန္ဒရှင်များအနေဖြင့် ၎င်းတို့ ၏အမည်များကို စာရင်းတွင်စစ်ဆေးပြီး လိုအပ်ပါကပြောင်းလဲမှုများတောင်းဆိုနိုင်သည့် မဲဆန္ဒရှင်အရေအတွက် အများနိုင်ဆုံးများအောင်လုပ်ဆောင်ရန် အတွက် မဲဆန္ဒရှင်စာရင်းအား အွန်လိုင်းမှတဆင့် ရှာဖွေနိုင်အောင် ကြိုးပမ်းလုပ်ဆောင်ချက်များကိုမြှင့်တင်ပြီး ယင်းရွေးချယ်မှုနည်းလမ်းကိုလည်း မြှင့်တင်နိုင်သည်။

UEC သည် **ပြည်တွင်းတွင်အိုးအိမ်စွန့်ခွာထားရသည့်ဒုက္ခသည်များ (IDP)**မှ ၎င်းတို့၏နေရပ်မဲဆန္ဒနယ်အတွက် သို့မဟုတ် ယာယီနေထိုင်နေသည့်မဲဆန္ဒနယ်အတွက် ရွေးချယ်မဲထည့်နိုင်ရန်ကိုထည့် သွင်းစဉ်းစားပြီး ၎င်းတို့ **အတွက် ရွေးကောက်ပွဲများကို စီစဉ်လုပ်ဆောင်ပေးရန်** စဉ်းစားနိုင်သည်။

UEC သည် လုံခြုံရေးတပ်ကူများနှင့်ပူးပေါင်းပြီး အပြည့်အဝ သို့မဟုတ် တစ်စိတ်တစ်ပိုင်း ဖျက်သိမ်းရန်လိုအပ် သော**ရွေးကောက်ပွဲဖျက်သိမ်းခြင်း**ကိစ္စများတွင် ပွင့်လင်းမြင်သာမှုရှိရှိလေ့ကျင့်လုပ်ဆောင်ပြီး ယင်းသို့သော ဆုံးဖြတ်ချက်များကို အချိန်နှင့်တပြေးညီ ရှင်းလင်းစွာဆက်သွယ်အသိပေးလုပ်ဆောင်သင့်သည်။

အစိုးရသည် **ရခိုင်ပြည်နယ်ကို အရေးပေါ်အလေးထားလုပ်ဆောင်**သင့်သည်။ နောက်ထပ် ပြင်းထန်မှုအရှိန်အဟုန်တိုး မြှင့်ခြင်းမှ ကာကွယ်ရန် တပ်မတော်သည် ယာယီတိုက်ခိုက်မှုရပ်စဲခြင်းကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အစည်းများနှင့် ရခိုင်တပ်မတော်တို့အထိ ချဲ့ထွင်လုပ်ဆောင်သင့်သည်။

ပြည်သူ့နည်းပညာပံ့ပိုးပေးသူများ၊ နိုင်ငံသားများ၊ ရွေးကောက်ပွဲလေ့လာစောင့်ကြည့်သူများနှင့် အလှူရှင်များသည် **ပူးပေါင်းလုပ်ဆောင်ရန်နှင့် ရွေးကောက်ပွဲနှင့်သက်ဆိုင်သည့် ပညာရှင်ဆန်ဆန် ကျွမ်းကျင်မှုများကို ထည့်သွင်းစဉ်းစား**သင့်သည်။ ရွေးကောက်ပွဲများမတိုင်မီ ကျန်ရှိသောအချိန်ကာလ လများအတွင်း **ပြည်သူနှင့် မဲဆန္ဒရှင်အသိပညာပေး ခြင်း**ကို ဦးစားပေးလုပ်ဆောင်သင့်သည်။

မြန်မာနိုင်ငံ ဥပဒေပြုသူများနှင့် UEC တို့သည် **ရွေးကောက်ပွဲလေ့လာစောင့်ကြည့်သူများ၏ အကြံပြုချက်များကို** အချိန် နှင့်တပြေးညီ **ဖြေရှင်းဆောင်ရွက်သင့်**သည်။

UEC သည် အရပ်ဘက်လူထုနှင့် မျှဝေလုပ်ဆောင်သည့် အလေ့အထကောင်းများကို ဆက်လက်လုပ်ဆောင်သင့်ပြီး နိုင်ငံသားရွေးကောက်ပွဲလေ့လာစောင့်ကြည့်သူများအား အသိအမှတ်ပြုအတည်ပြုရေးအတွက် **မလိုအပ်သော အတားအဆီးများမှရှောင်ကြဉ်**သင့်သည်။

# ရွေးချယ်ထားသော အရင်းအမြစ်များနှင့် အခြားထပ်မံဖတ်ရှုရန်များ


- Callahan, Mary၊ မြန်မာနိုင်ငံအတွင်း ၂၀၂၀ ရွေးကောက်ပွဲများနှင့် ငြိမ်းချမ်းရေးအတွက်အချေများ။ ဩစတြေးလျသံရုံး မဟာဗျူဟာစမ်းသပ်ချက်အလုပ်ရုံဆွေးနွေးပွဲအတွက်ထုတ်ဝေထားသော နောက်ခံအခြေအနေစာတမ်း။ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်။

- Callahan, Mary နှင့် မျိုးဇော်ဦး၊ မြန်မာနိုင်ငံ ၂၀၂၀ ရွေးကောက်ပွဲများနှင့် ပဋိပက္ခအခြေအနေများ၊ Peaceworks၊ အမှတ် ၁၄၆၊ USIP၊ ၂၀၁၉ ခုနှစ် ဧပြီလ။

- Democracy Reporting International (DRI) : Political Discourse around Pluralism and Diversity on Facebook - မြန်မာနိုင်ငံ လူမှုသတင်းမီဒီယာ စောင့်ကြည့်လေ့လာခြင်းအစီရင်ခံစာ။ Pilot analysis ၂၀၁၉ ခုနှစ် နိုဝင်ဘာလ၊ ၂၀၂၀ ခုနှစ် ဇန်နဝါရီလ၊ ၂၀၂၀ ခုနှစ် ဖွန်လ။

- အိအိတိုးလွင်၊ အစိုးရမှ စောစီးစွာမဲဆွယ်စည်းရုံးရန်မီးစိမ်းရသဖြင့် ယခင်အငြင်းပွားဖွယ်ရာအဟောင်းကိစ္စများပြန်ပြောင်းဖြစ်။ ဇူလိုင် ၇ ရက်နေ့။ The Frontier။

- ဥရောပသမဂ္ဂနောက်ဆက်တွဲလေ့လာရေးမစ်ရှင်အဖွဲ့ (EFM) မြန်မာ ၂၀၁၉ ခုနှစ်။ နောက်ဆုံးအစီရင်ခံစာ။ Brussels၊ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၅ ရက်။

- ဥရောပသမဂ္ဂရွေးကောက်ပွဲလေ့လာစောင့်ကြည့်ရေးမစ်ရှင်အဖွဲ့(EOM)မြန်မာနိုင်ငံအထွေထွေရွေးကောက်ပွဲများ၊ နောက်ဆုံးအစီရင်ခံစာ။ ရန်ကုန်။ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ။

- ဟိန်းသာ - နမူနာယူခြင်း၊ ဝန်ထမ်းနှင့် အထောက်အပံ့ကွင်းဆက်များ - မြန်မာနိုင်ငံသည် COVID-19 ရောဂါရှာဖွေစမ်းသပ်မှုအရှိန်အဟုန်တိုးမြှင့်ရန် အရင်းအမြစ်အခက်အခဲများကို မည်သို့ရင်ဆိုင်ကျော်လွှားခဲ့သည်။ The Frontier။ ၂၀၂၀ ခုနှစ်၊ ဧပြီလ။

- နိုင်ငံတကာအကြပ်အတည်းအဖွဲ့ (International Crisis Group – ICG) - ရပ်တန့်နေသော မြန်မာ့ ငြိမ်းချမ်းရေးအား ပြန်လည်အစချီခြင်း။ အာရှအစီရင်ခံစာအမှတ် ၃၀၈၊ ၂၀၂၀ က ဇွန်လ ၁၉ ရက်။

- ICG : ဟန့်တားနိုင်သောစစ်ပွဲ၊ မြန်မာနိုင်ငံ၏ ရခိုင်ပြည်နယ်အတွင်း နိုင်ငံရေးနှင့် လက်နက်ကိုင်ပဋိပက္ခများ။ အာရှအစီရင်ခံစာ အမှတ် ၃၀၇၊ ၉ ရက် ဇွန်လ ၂၀၂၀ ခ။

- ICG : မြန်မာနိုင်ငံရှိ ပဋိပက္ခ၊ ကျန်းမာရေး ပူးပေါင်းဆောင်ရွက်ချက်နှင့် COVID-19 ၊ အာရှစာစောင်အမှတ် ၁၆၁၊ ၁၉ ရက် မေလ ၂၀၂၀ ဂ။

- ICG : အပြည်ပြည်ဆိုင်ရာတရားရုံး၌ မြန်မာနိုင်ငံ ၊ အာရှအမေးအဖြေ၊ ၁၀ ရက်နေ့ ဒီဇင်ဘာ ၂၀၁၉ က။

- ICG : မြန်မာနိုင်ငံရှိ ငြိမ်းချမ်းရေးနှင့် ရွေးကောက်ပွဲဆိုင်ရာဒီမိုကရေစီ၊ အာရှစာစောင်၊ အမှတ် ၁၅၇၊ ဩဂုတ်လ ၂၀၁၉ ခ။

- Lidauer, Michael ၂၀၁၆ ခုနှစ်။ မြန်မာနိုင်ငံရှိ ၂၀၁၅ ရွေးကောက်ပွဲများနှင့် ပဋိပက္ခအခင်းအကျင်းများ။ Nick Cheesman နှင့် Nicholas Farrelly (eds)၊ မြန်မာနိုင်ငံရှိ ပဋိပက္ခ - စစ်မက်၊ နိုင်ငံရေး၊ ဘာသာရေး။ စင်္ကာပူ။ ISEAS press

- Lidauer, Michael and Saphy, Gilles : ရွေးကောက်ပွဲများနှင့် ပြုပြင်ပြောင်းလဲရေးအစီအစဉ်။ In : Crouch, Melissa နှင့် Tim Lindsey : မြန်မာနိုင်ငံရှိ ဥပဒေ၊ လူမှုအသိုင်းအဝိုင်းနှင့် အသွင်ပြောင်းလဲရေး။ Oxford : Haart, ၂၀၁-၂၂၄၊ ၂၀၁၄ ခုနှစ်။

- Monney, Tatiana နှင့် Jorge Valladares Molleda (eds) : ရွေးကောက်ပွဲများတွင် နိုင်ငံရေးပါတီများအတွက် ဆန္ဒသဘောအလျောက်လိုက်နာသောကျင့်ဝတ်များအပေါ် စေ့စပ်ပြောဆိုချက်၊ ပံ့ပိုးသူလက်စွဲ ၊ Swiss Federal Department of Foreign Affairs and International IDEA၊ ၂၀၁၇ ခုနှစ်။

- Rio, Victorie : အကြမ်းဖက်မှုများကို လှုံ့ဆော်အသက်သွင်းရာတွင် လူမှုသတင်းမီဒီယာ၏ အခန်းကဏ္ဍ၊ မြန်မာ။ Toda Peace Institute။ မူဝါဒစာစောင် အမှတ် ၇၈၊ ၂၀၂၀ ခုနှစ် ဇွန်လ။

- Spinelli, Antonio : COVID-19 ကပ်ရောဂါအောက်တွင် ရွေးကောက်ပွဲများအားစီမံခန့်ခွဲခြင်း။ ကိုးရီးယားပြည်သူ့သမ္မတနိုင်ငံ၏ အရေးပါသောရှာဖွေစမ်းသပ်ချက်။ International IDEA နည်းပညာပိုင်းဆိုင်ရာ စာစောင် အမှတ် ၂/၂၀၂၀။

- စုမွန်သန့်၊ မြန်မာနိုင်ငံတွင် ပါတီအသင်းများပူးပေါင်းသွားပြီး ဖွံ့ဖြိုးတိုးတက်မှုအသစ်ဖြစ်ပေါ်လာ။ ISEA Trends in Southeast Asia၊ စာစောင်အမှတ် ၈/၂၀၂၀။

- The Carter Center (TCC)၊ မြန်မာနိုင်ငံ၏ အထွေထွေရွေးကောက်ပွဲများကို လေ့လာစောင့်ကြည့်ခြင်း၊ နောက်ဆုံးအစီရင်ခံစာ။ Atlanta၊ ၂၀၁၆ ခုနှစ်။

- ရည်မွန်၊ NLD ရွေးကောက်ခံကိုယ်စားလှယ်လောင်းရွေးချယ်ခြင်းသည် ရွေးကောက်ပွဲမတိုင်မီ အငြင်းပွားဖွယ်ရာဖြစ်စေ။ The Frontier၊ ၂၇ ရက်၊ ဇွန်လ ၂၀၂၀ ခုနှစ်။

# Methodology

*ဤရွေးကောက်ပွဲအကြို အဝေးမှအကဲဖြတ်ဆန်းစစ်ချက်သည် ယခင်ဥရောပသမဂ္ဂ (EU) နှင့် အခြားရွေးကောက်ပွဲ လေ့လာစောင့်ကြည့်ရေးမစ်ရှင်လုပ်ငန်းများအပြင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးအသင်းအဖွဲ့များ၊ သတင်းမီဒီယာ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ နည်းပညာပိုင်းဆိုင်ရာထောက်ပံ့ကူညီ ပေးသူများ၊ ပြည်တွင်းနှင့် နိုင်ငံတကာရွေးကောက်ပွဲလေ့လာစောင့်ကြည့်သူများနှင့် လွတ်လပ်သောကျွမ်းကျင် ပညာရှင်များ စသည်တို့အပါအဝင် အမျိုးမျိုးသောပါဝင်ဆက်စပ်သက်ဆိုင်သူများနှင့် ပြုလုပ်ခဲ့သည့် အွန်လိုင်းမှ တစ်ဆင့် အင်တာဗျူးအမေးအဖြေ ၂၅ ခုတို့မှရရှိသည့် အကြောင်းအရာများနှင့် တွေ့ရှိချက်များအပေါ် အခြေခံထား ခြင်းဖြစ်သည်။*

# Imprint

Published by Heinrich Böll Stiftung Yangon Office.
No. 45 (A) Hlaing Myint Mo Lane (3), Hlaing Township, Yangon, Myanmar 11051.
**T** (+95) 9 907 078 009, (+95) 9 767 204 842
**E** info@mm.boell.org
**I** http://mm.boell.org

Release date: July 2020
Licence: Creative Commons (CC BY-NC-ND 4.0)
https://creativecommons.org/licenses/by-nc-nd/4.0/

The views and opinions expressed in this article are those of the author and do not necessarily reflect the position of the Heinrich-Böll-Stiftung e.V.